မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၁၃ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

**ဥပဒေကြမ်းများကို ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်ရုံးသို့ အောက်ပါဥပဒေကြမ်းများအား ပေးပို့ထားပါသည် -

(က) မြန်မာ့လေကြောင်းဥပဒေကြမ်း၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း၊

(ဃ) ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်း၊

(င) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း၊

(စ) အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊

(ဆ) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း။

၂။ အထက်ပါ ဥပဒေကြမ်းများအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာ့လေကြောင်းဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

## နိဒါန်း

နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်း ကို ၁၉၅၂ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတည်ထောင်ပြီး လေကြောင်းပို့ဆောင်ရေးတာဝန်များအား ထမ်းဆောင်စေခဲ့ပါသည်။နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍအား အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာ့လေကြောင်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြန်မာ့လေကြောင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **မြန်မာ့လေကြောင်း**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့လေကြောင်းကို ဆိုသည်။

(ဃ) **ဦးဆောင်ညွှန်ကြားရေးမှူး** သို့မဟုတ် **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ မြန်မာ့လေကြောင်း၏ အကြီးအမှူးကို ဆိုသည်။

(င) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေဖြင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သို့မဟုတ် စည်းကမ်းဥပဒေများဖြင့်သော်လည်းကောင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းသော မြန်မာ့လေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(စ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့လေကြောင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် လေကြောင်းစီးပွားရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

( ခ ) မြန်မာ့လေကြောင်း၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန်၊

( ဂ ) မြန်မာ့လေကြောင်းအား နည်းလမ်းတကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြန်မာ့လေကြောင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊

( ဃ ) မြန်မာ့လေကြောင်းအား အမြဲအခိုင်ရပ်တည်နိုင်ရန် လုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းပြီး နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရန်။

## အခန်း (၃)
## မြန်မာ့လေကြောင်း ဖွဲ့စည်းခြင်း

၄။ မြန်မာ့လေကြောင်းသည် -

( က ) ပြည်ထောင်စုအစိုးရအဖွဲ့၏ **သဘောတူညီချက်**ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ရမည်။

( ခ ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

( ဂ ) ဥပဒေနှင့်အညီ စီးပွားရေးဆန်ဆန်ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသောအဖွဲ့အစည်းဖြစ်သည်။

( ဃ ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

( င ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ **လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်၊ ယန္တရား၊ စက်ကိရိယာ၊ ကုန်ပစ္စည်း** စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

**( စ )** မိမိဝန်ထမ်းများ၏ အရည်အချင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

၅။ ( က ) ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအားလုံးကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ် ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက် မလျော့နည်းစေဘဲ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့လေကြောင်းသို့ လွှဲပြောင်းပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များအား ထမ်းဆောင်ခဲ့သော ကာလအချိန်အတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၆။ ( က ) မြန်မာ့လေကြောင်းရှိ ဌာနကြီးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများအား ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ရမည်။

**(ခ)** ပုဒ်မခွဲ (က) အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုသော အဆိုပါအရာထမ်းအား အသက် ၆၅ နှစ်ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## မြန်မာ့လေကြောင်း၏လုပ်ငန်းတာဝန်များ

၇။ မြန်မာ့လေကြောင်းသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) ပြည်တွင်း၊ ပြည်ပလေကြောင်းခရီးစဉ်နှင့် စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲခြင်း၊

(ခ) ပြည်တွင်း၊ ပြည်ပ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ အခြားသောဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) **လေကြောင်းစီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် လေယာဉ်ဆီ၊ စက်ဆီ၊ ချောဆီများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊**

(ဃ) လေယာဉ်တင်အစားအစာလုပ်ငန်း ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများနှင့် လက်မှတ်အရောင်းကိုယ်စားလှယ်လုပ်ငန်း ဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပမှ လေယာဉ်နှင့် လေယာဉ်၏ဆက်စပ်ပစ္စည်းများ ငှားရမ်းလုပ်ကိုင်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများ၏ လေယာဉ်များ အကြီးစားနှင့်အသေးစားပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများ စုဆောင်းခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လေကြောင်းဆိုင်ရာသင်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) လေယာဉ်အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) လေယာဉ်စီးခရီးသည်များကို မော်တော်ယာဉ်ဖြင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) **လေဆိပ်ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊**

(ဎ) **လေကြောင်းအာမခံလုပ်ငန်းများကို သင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**

(ဏ) ပို့ဆောင်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့လေကြောင်းအား စီးပွားရေးဆန်ဆန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန်ဦးဆောင်မှုပေးမည့် **စီမံခန့်ခွဲရေးအဖွဲ့ကို**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်** ကိုးဦးထက်မပိုသော အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ - ဥက္ကဋ္ဌ

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ် - အဖွဲ့ဝင်

(ဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်ဟု ယူဆသူတစ်ဦး - အဖွဲ့ဝင်

(ဃ) စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး - အဖွဲ့ဝင်

(င) စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး - အဖွဲ့ဝင်

(စ) ဝန်ကြီးဌာနက ခန့်အပ်သည့် ကိုယ်စားလှယ်များ - အဖွဲ့ဝင်

၉။ ဥက္ကဋ္ဌသည် သင့်လျော်သူတစ်ဦးဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးတွင် အဖွဲ့ဝင်ဦးရေ၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ သတ်မှတ်ဦးရေမတက်ရောက်ပါက အစည်းအဝေးကို သင့်လျော်သော နေ့ရက်သို့ ရွှေ့ဆိုင်းရမည်။

၁၁။ အစည်းအဝေးသို့ တင်ပြသည့် ကိစ္စရပ်များအားလုံးကို အစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်များအနက် အများစု၏မဲဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၂။ (က) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ်မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့်ရှိမည် မဟုတ်ဟု ပြည်ထောင်စုဝန်ကြီးက ကျေနပ်ရမည့်သူ ဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ကပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း ရောင်းမှု သို့မဟုတ် ဝယ်ယူမှုတစ်ခုခုတွင်သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့် အဖွဲ့ဝင်သည် မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို အဖွဲ့အစည်းအဝေး မှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့်အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှု သို့မဟုတ် ထိုဝယ်မှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

၁၃။ (က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ပြည်ထောင်စုဝန်ကြီးက အသစ်ရွေးချယ်ခန့်ထားပြီးသည့်အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

(င) အကြောင်းတစ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် ရာထူးနေရာလစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် မူလရာထူးသက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

၁၄။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၆။ (က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင်ရာထူး လစ်လပ်လျှင် ထိုလစ်လပ်သည့်နေရာတွင် အဖွဲ့ဝင်သစ်ကို **ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက** ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခု ရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရ။

## အခန်း (၆)

## စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေတိုးတက်စေရေးအတွက် ဝန်ဆောင်မှုစရိတ်ကို ကျဆင်းစေသောနည်းလမ်းများဖြင့်သော်လည်းကောင်း၊ ဝန်ဆောင်မှုစွမ်းအား တိုးတက်စေသောနည်းလမ်းများဖြင့်သော်လည်းကောင်း အကျိုးအမြတ်တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း၊

(ဂ) **ပြည်ထောင်စုအစိုးရအဖွဲ့က** ချမှတ်ပေးထားသည့် ဖွဲ့စည်းပုံနှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနက သတ်မှတ်ပေးထားသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာဥပဒေများကို လိုက်နာစောင့်ထိန်းခြင်း၊

(စ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်း၊

(ဆ) လုပ်ငန်းစီမံကိန်းများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်က ချမှတ်ပေးထားသော ငွေကြေးသုံးစွဲမှုဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်း၊

(ဈ) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အတတ်နိုင်ဆုံး ဖြည့်စွမ်းအကောင်အထည်ဖော်ခြင်း၊

**(ည)** မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံရမည်။

(ဋ) လေယာဉ်၊ လေယာဉ်ရုံ၊ အလုပ်ဌာန၊ အလုပ်ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများသည် မိမိတို့ တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံရမည်။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်သဘောတူညီချက်ဖြင့် ငွေချေးယူခြင်းနှင့် ငွေထုတ်ချေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ခ)** လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

(ဂ) ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အဖွဲ့အား အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထား၍ သို့မဟုတ် အမည်တင်သွင်းခန့်ထား၍ ထိုပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းသည့် အခများနှင့် စရိတ်ကြေးငွေများ ပေးနိုင်သည်။

(ဃ) နိုင်ငံတော်က လွှဲအပ်သော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ **လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်၊ ယန္တရား၊ စက်ကိရိယာ၊ ကုန်ပစ္စည်း** စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှုအားလုံးကို လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(င) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်း အသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(စ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်ရှိသည်။

(ဆ) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို စီမံခန့်ခွဲမှု ကန်ထရိုက်စနစ်ဖြင့်သော် လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော် လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဇ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် တီထွင်မှုပိုင်ဆိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် မည်သူ့ကိုမဆို တရားစွဲဆိုပိုင်ခွင့်ရှိသည်။

(စျ) မိမိလုပ်ငန်းအတွက် မဖြစ်မနေ ရယူအသုံးပြုရန်လိုအပ်သည့် မြေ၊ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ပြီး သုံးစွဲပိုင်ခွင့် ရှိသည်။

(ည) စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံနှင့် လေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့် များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းနိုင်သည်။

(ဋ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်းတို့ ပြုနိုင်သည်။

(ဌ) လေယာဉ်များ စက်ယန္တရားများ ပြင်ဆင်ရာမှ ရရှိသည့် သံ၊ သတ္တုနှင့် အခြားပစ္စည်းဟောင်းများ၊ ပစ္စည်းသစ်ဖြင့် လဲလှယ်အစားထိုးပြုပြင်ပေးလိုက်ရ၍ ထွက်ပေါ်လာသော ပစ္စည်းဟောင်းများ၊ ပိုလျှံနေသော သိုလှောင်ပစ္စည်းများ အပါအဝင် အသုံးနည်းသောပစ္စည်းများကို ထုခွဲရောင်းချ ခြင်းနှင့် အသုံးတည့်သောပစ္စည်းများနှင့် လဲလှယ်ခြင်းတို့ ပြုလုပ်နိုင်သည်။

(ဍ) ပို့ဆောင်ရေးဆိုင်ရာကျွမ်းကျင်သောဝန်ထမ်းများ၊ လေကြောင်းဆိုင်ရာကျွမ်းကျင်သော ဝန်ထမ်း များနှင့် ပြင်ပပုဂ္ဂိုလ်များ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

(ဎ) စီမံခန့်ခွဲရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လိုအပ်သော ပြည်တွင်းသင်တန်းများဖွင့်လှစ်ခြင်းနှင့် ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းပြုနိုင်သည်။

## အခန်း (၇)

## ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စာရင်းများ

၁၉။ မြန်မာ့လေကြောင်းသည် -

(က) နှစ်စဉ်ဝင်ငွေ၊ ထွက်ငွေအခြေအနေများ ပေါ်လွင်စေရန် သင့်လျော်သည့် ပြည်တွင်းပြည်ပဘဏ်၌ ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်း ဖွင့်လှစ်ထားရှိဆောင်ရွက်ရမည်။

(ခ) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိရမည်။

(ဂ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ဝင်ငွေ၊ ထွက်ငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သော သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား သင့်လျော်သည့် ပြည်တွင်းပြည်ပဘဏ်များမှ ချေးယူသုံးစွဲခြင်း၊ တာဝန်ယူပြန်လည်ပေးဆပ်ခြင်း ပြုနိုင်သည်။

(င) မိမိအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ပြည်ပချေးငွေ ရယူရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချေးယူသုံးစွဲရမည်။

(စ) မိမိ၏ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။

(ဆ) ဝန်ထမ်းများက လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ရန် ကိစ္စများအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) နှစ်စဉ် နိုင်ငံတော်က သတ်မှတ်ပေးသည့် ထည့်ဝင်ငွေကို ပေးသွင်းပြီးနောက် ကျန်သည့် အသားတင် အမြတ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိရမည် -

(၁) ဆုကြေးရန်ပုံငွေ၊

(၂) သက်သာချောင်ချိရေးရန်ပုံငွေ၊

(၃) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(၄) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(၅) လှည့်ပတ်ရန်ပုံငွေ၊

(၆) အခြားလိုအပ်သော ရန်ပုံငွေ။

(ဈ) **ရာနှုန်းပြည့် နိုင်ငံပိုင်**ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ် များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရေး အစိုးရအဖွဲ့ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီး ဌာနသို့ အကျိုးအကြောင်းပြည့်စုံစွာဖြင့် ခွင့်ပြုချက် လျှောက်ထားတောင်းခံနိုင်သည်။

(ည) ထိရောက်သည့် စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) အောက်ပါစာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း တင်ပြရမည် -

(၁) ငွေသားအခြေအနေ၊

(၂) လက်ကျန်ရှင်းတမ်း၊

(၃) အရှုံး၊ အမြတ်စာရင်း၊

(၄) ဝန်ထမ်းအင်အားစာရင်း၊

(၅) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း။

(၄) ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန် အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

(၃) ငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အသိအမှတ်ပြုသော စာရင်းစစ်အဖွဲ့ထံ အပ်နှံ၍ စစ်ဆေးခံရမည်။

## အခန်း (၈)

## တားမြစ်ချက်များ

၂၀။ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို -

(က) လေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွက်ချက်ဖြင့် လေယာဉ်ခကြိုတင် ပေးဆောင်ခြင်း မပြုဘဲ မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် စီးနင်းလိုက်ပါခြင်း၊ စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊

(ခ) မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် တစ်ခုခုသောခရီးအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် ထိုကျော်လွန်သည့် ခရီးအတွက် နောက်ထပ်လေယာဉ်ခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် နောက်ထပ်လေယာဉ်ခကြိုတင်ပေးဆောင်ခြင်းမပြုဘဲ မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် တမင်ဆက်လက်စီးနင်းလိုက်ပါခြင်း မပြုရ၊

(ဂ) မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် တစ်ခုခုသော ခရီးအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် လေယာဉ်မှ ထွက်ခွာသွားရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း မပြုရ၊

(ဃ) လူနှင့်အတူ ယူဆောင်သောပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သောတန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် ကျသင့်သောတန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် လူနှင့်အတူပစ္စည်းများ တင်ဆောင်ခြင်း၊ တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊

(င) အမှန်တကယ်ကျသင့်သော လေယာဉ်ခကို ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် လေယာဉ်နေရာအဆင့်အတန်းတစ်ခုအတွက် လေယာဉ်ခပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း မပြုရ၊

(စ) မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် စီးနင်းလိုက်ပါလျက် လေယာဉ်၏ အရာထမ်း အမှုထမ်းများက လေယာဉ်လက်မှတ်ဝယ်ယူရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ်မဝယ်ယူခြင်း သို့မဟုတ် လေယာဉ်လက်မှတ်ထုတ်ပြရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ်ထုတ်မပြခြင်း သို့မဟုတ် ခရီးအဆုံးတွင် လေယာဉ်လက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ် ပြန်မအပ်ခြင်း မပြုရ၊

(ဆ) မြန်မာ့လေကြောင်းပိုင်လေယာဉ်တွင် စီးနင်းလိုက်ပါသော သူတစ်ဦးအတွက် ကျသင့်သောလေယာဉ်ခကို ပေးဆောင်ခြင်းမှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်အား လိမ်လည်ပြသနိုင်စေခြင်းအလို့ငှါ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း မပြုရ၊

(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ မြန်မာ့လေကြောင်းပိုင်လေယာဉ်ပေါ်တွင် မရိုးသားသောနည်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း၊ တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊

(ဈ) မြန်မာ့လေကြောင်းပိုင် လေယာဉ်များတွင် အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားလက်မှတ်ကို သို့မဟုတ် ပုံစံများကိုဖြစ်စေ မရိုးသားသောနည်းဖြင့် အစားထိုးအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ခြင်း၊ အတုပြုလုပ်ရန် ကြိုးစားအားထုတ်ခြင်း၊ အတုလက်မှတ်ကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်းမပြုရ၊

(ည) လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် လေယာဉ်မှူး၊ လေယာဉ်သားနှင့် ခရီးသည်များအား အနှောင့်အယှက်ဖြစ်စေသော ကိုယ်နှုတ်အမူအရာဖြင့် ပြုမူခြင်း၊ မူးယစ်ရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ တာဝန်ဝတ္တရားနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၉)
## ပြစ်ဒဏ်

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ရန် ကြိုးစားအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

**၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ဖောက်ဖျက်လျှင် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။**

## အခန်း (၁၀)
## ဆုကြေးငွေချီးမြှင့်ခြင်း

၂၃။ မြန်မာ့လေကြောင်းသည် -

(က) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းရပ်တစ်ခုချင်းအလိုက် သတ်မှတ်စံချိန်စံနှုန်းဖြင့် တွက်ချက်ထားသည့် အပိုကြေးကို ခံစားခွင့်ပြုနိုင်သည်။

( ခ ) မိမိ၏ စီမံကိန်းလျာထားချက်အတိုင်းဖြစ်စေ၊ အနည်းဆုံးသတ်မှတ်ထားသော စီမံကိန်းလျာထားချက်အတိုင်းဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်အပြင် သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်လျှင်သော်လည်းကောင်း ဆုကြေးချီးမြှင့်ပိုင်ခွင့်ရှိသည်။

၂၄။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၁၁)
## အထွေထွေ

၂၅။ မြန်မာ့လေကြောင်း၏ အရာထမ်း အမှုထမ်းအားလုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ သို့မဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကို ပြုသောအခါ ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုသော်လည်းကောင်း၊ စီမံခန့်ခွဲရေးအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကိုသော်လည်းကောင်း **တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။**

**၂၇။　ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားရှိ အပိုဒ် (၁၄၉) သည် မြန်မာ့လေကြောင်းကဖြစ်စေ၊ မြန်မာ့လေကြောင်းကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။**

**၂၈။　မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ရန် ကြိုးစားအားထုတ်လျှင် ရဲအရာရှိ အရေးယူပိုင်သောပြစ်မှုများအဖြစ် မှတ်ယူရမည်။**

၂၉။　ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က)　ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ)　ဝန်ကြီးဌာနနှင့် မြန်မာ့လေကြောင်းသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။　၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ အမှတ် ၃၉ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (မူကြမ်း)
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊　　။ )

၁၃၇၅ ခုနှစ်၊　　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆိပ်ကမ်း လုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေးအတွက်လည်းကောင်း၊ အမှီအခိုကင်းစွာ ရပ်တည်ခွင့် ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အစည်းအဖြစ် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းပြီး နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျ စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက်လည်းကောင်း ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။　ဤဥပဒေကို **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။　ဤ ဥပဒေသည် -

(က)　ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများနှင့် သက်ဆိုင်စေရမည်။

(ခ)　ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ပိုင်ဆိုင်ပြီး သို့မဟုတ် စီမံခန့်ခွဲပြီး စီးပွားရေး လုပ်ငန်း လုပ်ကိုင်ခြင်းမရှိသော ရေယာဉ်များနှင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (စ) ပါ ကန့်သတ်ချက်ကို အထောက်အထားပြု၍ တပ်မတော်စစ်ရေယာဉ်များနှင့်လည်းကောင်း၊ ဤဥပဒေ အရ အခါအားလျော်စွာ ကင်းလွတ်ခွင့်ပြုထားသော ရေယာဉ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆိပ်ကမ်း**ဆိုသည်မှာ ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ရေလမ်းကြောင်း၊ မြစ်ကြောင်းနှင့် ကမ်းနားနယ်တို့လည်း ပါဝင်သည်။

(ခ) **အဓိကဆိပ်ကမ်း**ဆိုသည်မှာ ပုဒ်မခွဲ (က) တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ဆိပ်ကမ်းများအနက်မှ အပြည်ပြည်ဆိုင်ရာရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသောဆိပ်ကမ်းအဖြစ် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(ဂ) **ကမ်းနားနယ်**ဆိုသည်မှာ ခရီးသည်များ ဆင်းတက်ခြင်းနှင့် ကုန်စည်များ တင်ချခြင်းတို့အတွက် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန်အလို့ငှာ ဆိပ်ကမ်းနယ်နိမိတ်နှင့်စပ်လျဉ်း၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ကမ်းပါးနယ်နှင့် ဆက်စပ်ပြီး ရေအမြင့်ဆုံးတက်ရောက်သည့် ရေပြည့်မျဉ်းအမှတ်မှ ကုန်းတွင်းပိုင်းသို့ ကိုက် ၅၀ အထိရှိသည့် ကမ်းနားနယ်နိမိတ်ကို ဆိုသည်။

(ဃ) **ကမ်းပါးနယ်**ဆိုသည်မှာ ဆိပ်ကမ်းတစ်ခုခုတွင် ရေပြည့်မျဉ်းအမှတ်နှင့် ရေစစ်မျဉ်းအမှတ်အကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးမြေနေရာကို ဆိုသည်။

(င) **ရေယာဉ်ဆိုက်ကပ်ရန်နေရာ**ဆိုရာတွင် ရေယာဉ်များမှ ကုန်စည်တင်ခြင်း၊ ချခြင်းပြုလုပ်ရာနေရာ၊ ဆိပ်ကမ်းတံတား၊ သိုလှောင်ရုံနှင့် သင်္ဘောကျင်းများ၊ ရေယာဉ်ဆိုက်ကပ်ရန်နေရာနှင့်စပ်ဆိုင်သော အခြားအဆောက်အအုံများလည်း ပါဝင်သည်။

(စ) **ဆိပ်ကမ်းတံတား**ဆိုသည်မှာ ခရီးသည်အတက်အဆင်းနှင့် ကုန်စည်များ အတင်အချပြုလုပ်ရာတွင် လွယ်ကူစေရန် ပြုလုပ်ထားသည့် ကမ်းပါးနယ် သို့မဟုတ် ကမ်းနားနယ်တစ်ခုခုကိုသော်လည်းကောင်း၊ မြစ်ကမ်းနဖူး သို့မဟုတ် ကမ်းနားဒေသကို ကာရံထားသော ဆက်စပ်နေသည့် နံရံတံတိုင်းတစ်ခုခုကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေဆိပ်၊ လှေဆိပ်၊ ဆိပ်ခံတံတား၊ ဇောတံတားနှင့် လှေကားနံရံတစ်ခုခုလည်း ပါဝင်သည်။

(ဆ) **ရေပြည့်မျဉ်းအမှတ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ မည်သည့်ရာသီဥတုမဆို သာမန်ဒီရေထချိန်များတွင် ရေအမြင့်ဆုံးရောက်ရှိသည့် မျဉ်းအမှတ်ကို ဆိုသည်။

(ဇ) **ရေစစ်မျဉ်းအမှတ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ မည်သည့်ရာသီဥတုမဆို သာမန်ဒီရေထချိန်များတွင် ရေအနိမ့်ဆုံးရောက်ရှိသည့် မျဉ်းအမှတ်ကို ဆိုသည်။

(ဈ) **ကုန်စည်**ဆိုရာတွင် ရောင်းဝယ်ဖောက်ကားသည့် ကုန်စည်အမျိုးမျိုးနှင့် ယင်းတို့ကို ထည့်သွင်းသည့် သေတ္တာများ သို့မဟုတ် အထုပ်အပိုးများ၊ ယင်းတို့ကိုချည်နှောင်ထားသည့် အရာများ၊ စက်သုံးဆီများ၊ သက်ရှိ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ပါဝင်သည်။

(ည) **ရေယာဉ်**ဆိုရာတွင် သင်္ဘော၊ လှေ၊ သမ္ဗန်၊ ဖောင်၊ သစ်များမှစ၍ လူ သို့မဟုတ် ပစ္စည်းများကို ရေလမ်းဖြင့် သယ်ယူပို့ဆောင်ရန် ပြုလုပ်ထားသော မည်သည့်အရာမဆို ပါဝင်သည်။

(ဋ) **ပိုင်ရှင်**ဆိုသည်မှာ ရေယာဉ်၏ ပိုင်ရှင်ကိုသော်လည်းကောင်း၊ ထိုပိုင်ရှင်ထံမှ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တာဝန်ယူငှားရမ်းထားပြီးသူဖြစ်သည့်အပြင် သင်္ဘောပိုင်ရှင် အပေါ် တင်ရှိမည့် တာဝန်နှင့်ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးသူကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်နှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ ကုန်စည်တင်ပို့သူ၊ ကုန်စည်လက်ခံသူ၊ သင်္ဘောပေါ် ကုန်စည်တင်ပေးသူ သို့မဟုတ် ထိုကုန်စည်ကို ရောင်းချခြင်း၊ ထိန်းသိမ်းထားခြင်း၊ ဆိပ်ကမ်း၌ ကုန်စည်အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပြောင်းတင်ခြင်းတို့အတွက် ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခြင်း ခံရသူလည်း ပါဝင်သည်။

(ဌ) **ဆိပ်ကမ်းဝန်ဆောင်ခ**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းဝန်ဆောင်ခများကို ဆိုသည်။

(ဍ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ရေယာဉ်များ ဆိပ်ကမ်းအတွင်း ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းတို့အတွက် အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အကြီးအမှူးကို ဆိုသည်။

(တ) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ဆိုသည်။

(ထ) **အုပ်ချုပ်မှုအဖွဲ့**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဒ) **ရေကြောင်းပြမှူးကြီး**ဆိုသည်မှာ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေကြောင်းပြရန် ဝန်ကြီးဌာနက ခန့်ထားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လုပ်ငန်းလိုင်စင်ထုတ်ပေးထားသောသူကို ဆိုသည်။

(ဓ) **ရေယာဉ်မှူး**ဆိုသည်မှာ ရေယာဉ်ကို တာဝန်ယူ ကွပ်ကဲမောင်းနှင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြမှူးကြီး မပါဝင်။

(န) **ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ**ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေများအရသော်လည်းကောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သင့်လျော်သည်ဟု ယူဆသူတစ်ဦးအား ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သို့မဟုတ် လက်ထောက်ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခန့်ထားသူကို ဆိုသည်။

## အခန်း (၂)

## ဆိပ်ကမ်းများ၊ ဆိပ်ကမ်းတံတားများနှင့် ရေယာဉ်ဆိုက်ကပ်ရန်နေရာများ သတ်မှတ်ခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) နိုင်ငံတော်အတွင်း သင့်လျော်သောနေရာများတွင် ပင်လယ်ကူးသင်္ဘောများ၊ ကမ်းရိုးတန်းနှင့် ပြည်တွင်းသွားရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်ရပ်နားရေးအတွက် ဆိပ်ကမ်းများ၊ ပြင်ပဆိပ်ကမ်းများ၊ အဓိကဆိပ်ကမ်းများနှင့် ပင်လယ်ရေနက်ဆိပ်ကမ်းများအား နယ်နိမိတ်ပိုင်းခြားပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်ရာတွင် ဆိပ်ကမ်းနယ်နိမိတ်နှင့် ကပ်လျက်ရှိသော မြေနေရာ၌ ကမ်းနားနယ်နှင့်စပ်လျဉ်း၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ရေပြည့်မျဉ်းအမှတ်မှ ကုန်းတွင်းပိုင်း ကိုက် ၅၀ အထိကျယ်သော ကမ်းနားနယ်ကို ထည့်သွင်းသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဆိပ်ကမ်းများ သတ်မှတ်ရာတွင် ဆိပ်ကမ်းတံတား၊ ဆိပ်ခံတံတား၊ ဇောတံတား ရေဆိပ်၊ လှေဆိပ်နှင့် သင်္ဘောကျင်းများ သိုလှောင်ရုံများကိုလည်းကောင်း၊ ရေယာဉ်များ သွားလာမှုလွယ်ကူအဆင်ပြေရေး၊ ရေယာဉ်များ လုံခြုံရေး၊ ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအတွက် အခြားလုပ်ငန်းခွင်များကိုလည်းကောင်း ကမ်းနားနယ်အတွင်း ထည့်သွင်းသတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ သတ်မှတ်သော ဆိပ်ကမ်းများ၊ ဆိပ်ကမ်းနယ်နိမိတ်များနှင့် ကမ်းနားနယ်တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(င) ဤပုဒ်မအရ ဆိပ်ကမ်းများကို သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ခြင်းတို့ ပြုလုပ်ရာတွင် ပုဂ္ဂလိကပိုင်မြေနှင့် ပစ္စည်းများရှိပါက ထိုမြေနှင့် ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ညှိနှိုင်း၍ ၎င်းတို့၏အခွင့်အရေးများကို မထိခိုက်စေရန် ထိုက်သင့်သောလျော်ကြေးများ ပေးပြီးမှသာ ဆောင်ရွက်ရမည်။

၅။ ဆိပ်ကမ်းများအက်ဥပဒေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့် ပြင်ပဆိပ်ကမ်းများအက်ဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ခဲ့သော ဆိပ်ကမ်းများ၊ ရန်ကုန်ဆိပ်ကမ်းနှင့် ပြင်ပဆိပ်ကမ်းများကို ဤဥပဒေနှင့်အညီ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုသမျှ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ သတ်မှတ်သော ဆိပ်ကမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း -

(က) ရေယာဉ်ဆိုက်ကပ်ရန်နေရာ သို့မဟုတ် ဆိပ်ကမ်းတံတားတစ်ခုခုကို တည်ဆောက်ပြီးစီးသည့်အခါ ယင်းကို အသုံးပြုရန် အသင့်ရှိပြီဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

(ခ) ရေယာဉ်ဆိုက်ကပ်ရန်နေရာနှင့် ဆိပ်ကမ်းတံတားများတွင် နေရာလပ်ရှိသည့်အခါတိုင်း ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်ရန်နေရာနှင့် ဆိပ်ကမ်းတံတားများကို သတ်မှတ်နိုင်သည်။

(ဂ) ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရေးအတွက် ရေယာဉ်အမျိုးအစားအလိုက် ဆိပ်ကမ်းတံတားများကို သတ်မှတ်နိုင်သည်။

(ဃ) ပုဂ္ဂလိကပိုင်ရေယာဉ် ကျောက်ချရပ်နားရာနေရာနှင့် ဖော်ယာများကို နေရာချထားရေးအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရမည်။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ရှိ ကုန်စည်များ သယ်ဆောင်လာသော ရေယာဉ်များ ကျောက်ချရပ်နားခြင်းအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်းနှင့် နေရာသတ်မှတ်ပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ပြည်တွင်းမှဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခုမှဖြစ်စေ တပ်မတော်စစ်ရေယာဉ်များ ဝင်ရောက်လာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့် ယင်းတို့၏လုပ်ငန်းဆောင်တာများအပေါ် ဝန်ကြီးဌာန၏ အမိန့်ဖြင့် ကန့်သတ်နိုင်သည်။

## အခန်း (၃)

## ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ခွင့်ပြုခြင်း

၇။ ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆိပ်ကမ်းလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများဖွံ့ဖြိုးရေးအတွက် အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဖက်စပ်

လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အား ထိုသို့ ပဋိညာဉ်စာချုပ် ချုပ်ဆိုစေခြင်းပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ လုပ်ကိုင်ခွင့်ပြုသော အဆိုပါလုပ်ငန်းများကို အဓိကတာဝန်ယူ ကြီးကြပ်ကွပ်ကဲပြီး လုပ်ငန်းဆောင်ရွက်မှုအသေးစိတ်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား စစ်ဆေးခြင်းနှင့် ကြီးကြပ် ခြင်းတို့ ပြုစေရန် တာဝန်ပေးအပ်ရမည်။

၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) နိုင်ငံတော်၏ ဆိပ်ကမ်းများနှင့် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် လိုက်လျောညီထွေရှိစေရန်အလို့ငှာ ပို့ကုန်သွင်းကုန်များကို နိုင်နင်းစွာ ကိုင်တွယ် ဆောင်ရွက်နိုင်ရေး၊ ဆိပ်ကမ်းလုပ်ငန်းများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးပွား လာရေးအတွက်လည်းကောင်း၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အာဆီယံအဆင့်အတန်းနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း စနစ်တကျကြီးကြပ်၍ စီမံဆောင်ရွက် ရမည်။

( ခ ) နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ပြည်သူ့အကျိုးစီးပွားအလို့ငှာ အခြားနိုင်ငံအစိုးရ၊ အဖွဲ့ အစည်းများနှင့် ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် နိုင်ငံကိုယ်စားပြုပါဝင်၍လည်းကောင်း ဆောင်ရွက်ရမည်။

## အခန်း (၄)

## ဆိပ်ကမ်းဝန်ဆောင်ခများ သတ်မှတ်ခြင်း

၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများတွင် ပင်လယ်ကူးသင်္ဘောများနှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ် ရပ်နားခြင်း၊ အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ရေယာဉ်၊ ကုန်စည် သို့မဟုတ် ခရီးသည် အရေအတွက် အလိုက် ခွဲခြားပြီး မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ပေးဆောင်ရမည့် ဆိပ်ကမ်း ဝန်ဆောင်ခများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။ ထိုဆိပ်ကမ်းဝန်ဆောင်ခ များကို ပြောင်းလဲလာသော အခြေအနေများနှင့်အညီ အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်သည်။

( ခ ) အများပြည်သူအကျိုးငှာ အထူးကိစ္စရပ်တစ်ခုခုအတွက် ဆိပ်ကမ်းဝန်ဆောင်ခများကို ကင်းလွတ်ခွင့် ပေးခြင်း သို့မဟုတ် လျှော့ပေါ့ခြင်း ပြုနိုင်သည်။

( ဂ ) ဆိပ်ကမ်းဝန်ဆောင်ခများဆိုရာတွင် ရေယာဉ်များ ဆိပ်ကမ်းအတွင်း ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းပြုရာတွင် ဆောင်ရွက်ပေး ရသော ဝန်ဆောင်မှုလုပ်ငန်းအသီးသီးအတွက် မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ပေးဆောင်ရသော အောက်ပါ အခကြေးငွေများ ပါဝင်သည် -

(၁) ဆိပ်ကမ်းခနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊

(၂) ရေကြောင်းပြခ၊ ရေယာဉ်ကပ်ခ၊ မြစ်ကြောင်းထိန်းသိမ်းခ၊ စောင့်ဆိုင်းခ၊ ကြန့်ကြာခ၊ ဆွဲသင်္ဘောငှားခ၊ သင်္ဘောဆွဲခ၊ ဆယ်ယူခများနှင့် ရေငုပ်သမားငှားခများ၊

(၃) သင်္ဘောရွှေ့ပြောင်းခ၊ သင်္ဘောဝမ်းစာများ စွန့်ပစ်ခ၊ သင်္ဘောနှင့်ရေယာဉ်ပြုပြင်ခ၊ ဆိပ်ကမ်း တံတား အသုံးပြုခ၊ ကုန်သေတ္တာဆိုင်ရာအခကြေးငွေနှင့် နှောင့်နှေးခများ၊

(၄) ဝန်ချီစက်၊ ဝန်မစက်၊ သစ်လုံးတင်စက်၊ မြေကော်စက်၊ ဝန်ဆွဲယာဉ်၊ ဝန်သွန်ချယာဉ်၊ ဝန်တင်လှည်းနှင့် ကုန်တင်၊ ကုန်ချပြုလုပ်ရာတွင် အသုံးပြုသည့် စလင်ကြိုးငှားခများ၊

(၅) ဆိပ်ကမ်းမြေနေရာနှင့် ကုန်သိုလှောင်ရုံငှားခများ၊

(၆) ကုန်တင်ကုန်ချအလုပ်သမားခများ၊

(၇) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားအခကြေးငွေများ။

## အခန်း (၅)
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖွဲ့စည်းခြင်း

၁၀။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၁၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။

(ခ) မိမိနှင့် အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများအကြား လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊ အခြားစာချုပ်များ ချုပ်ဆိုရာတွင် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ်က ကိုယ်တိုင်ဖြစ်စေ၊ ၎င်းက အခွင့်အာဏာပေးအပ်ထားသည့် အရာရှိကဖြစ်စေ လက်မှတ်ရေးထိုး၍ သတ်မှတ်ထားသည့် ရုံးတံဆိပ် ရိုက်နှိပ်ရမည်။

(ဂ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဃ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည် စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့် ရှိသည်။

(င) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာ ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း ဖြစ်သည်။

၁၂။ (က) ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအားလုံးကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ် ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက် မလျော့နည်းစေဘဲ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လွှဲပြောင်းပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များအား ထမ်းဆောင်ခဲ့သော ကာလအချိန်အတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၁၃။ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ်သည် အောက်ပါ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအား ဆောင်ရွက်ရမည် -

(က) အုပ်ချုပ်မှုအဖွဲ့က သတ်မှတ်ပေးထားသော လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီအောင် တာဝန်ယူဆောင်ရွက်ရမည်။

( ခ ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးအဆင့်အောက် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်။

( ဂ ) ပုဒ်မခွဲ (ခ) ပါ အရာထမ်း၊ အမှုထမ်းများ အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးနိုင်သည်။ သို့သော် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုပါက အဆိုပါပုဂ္ဂိုလ်အား အသက် ၆၅ နှစ်ပြည့်သည့်အချိန်အထိ တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) ပါ အရာထမ်း၊ အမှုထမ်းများ၏ လစာနှင့်စရိတ်များ တိုးမြှင့်ခြင်း၊ လျှော့ချခြင်းတို့ကို စီမံဆောင်ရွက်ပေးရမည်။

၁၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဝန်ထမ်းများအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခါအားလျော်စွာ ခန့်အပ်ခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်သည်။ လိုအပ်ပါက မိမိကိုယ်စား ဆောင်ရွက်နိုင်ရန် စည်းကမ်းချက်များ သတ်မှတ်၍ ကိုယ်စားလှယ်များ ခန့်အပ်ပြီး တာဝန်ပေးနိုင်သည်။

## အခန်း (၆)
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ

၁၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အတတ်နိုင်ဆုံး ပြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

( ခ ) ဆိပ်ကမ်းလုပ်ငန်းစီမံကိန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

( ဂ ) ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းများနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ကမ်းပါးနယ်နှင့် ကမ်းနားနယ်များ စည်ပင်ဖွံ့ဖြိုးရေးတို့အတွက်လည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) မိမိ၏ ဝင်ငွေတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစရိတ်ကို ကျဆင်းစေသောနည်းလမ်းများဖြင့်လည်းကောင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစွမ်းအား တိုးတက်စေသောနည်းလမ်းများဖြင့်လည်းကောင်း အကျိုးအမြတ်တိုးတက်ရရှိအောင် ဆောင်ရွက်ရမည်။

( င ) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းနှင့် ပျောက်ရှခြင်းတို့ အနည်းဆုံးဖြစ်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။

( စ ) ဤဥပဒေအရ တည်ထောင်သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရန်ပုံငွေနှင့်စပ်လျဉ်း၍ ရငွေ၊ သုံးငွေများကို စိစစ်ခွင့်ပြုခြင်း၊ ရန်ပုံငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုပိုင်ခွင့်ရှိသည်။

(ဆ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေ၊ ရိက္ခာ၊ ကြမ်းခင်းပြား အစရှိသည့် သင်္ဘော၏ လိုအပ်ချက်များ ထောက်ပံ့ပေးရန် စီမံပြီး လုပ်ငန်းရှင်များကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးအရ အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဇ) ပုဂ္ဂလိကတွဲဆွဲရေယာဉ်များ၊ တွန်းသည့် ရေယာဉ်များ၊ သောင်တူးသင်္ဘောများနှင့် ဆယ်ယူရေး ရေယာဉ်များကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် လုပ်ငန်းလိုင်စင် စည်းကမ်းဖောက်ဖျက်သူများအား စီမံခန့်ခွဲရေးအရ အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဈ) ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး အတွက် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။

(ည) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းသွားလာရေးဆိုင်ရာ သတင်းအချက်အလက်များကို အများ ပြည်သူ သိရှိစေရန် ဆောင်ရွက်ပေးရမည်။

(ဋ) ဆိပ်ကမ်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိထားသူများ၏ စရိတ်စကသက်သာရေး၊ အားကိုးအားထား ပြုနိုင်ရေးနှင့် ထိရောက်စွာဆောင်ရွက်နိုင်စေရေးတို့ကို နိုင်ငံတကာက သတ်မှတ်ထားသည့် စံချိန် စံနှုန်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးရမည်။

(ဌ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာနှင့်ယှဉ်၍ ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ထမ်း များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးနှင့် ဆိပ်ကမ်းအလုပ်သမားများ အသက်အန္တရာယ် ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဍ) ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အထောက်အပံ့ပေးနိုင်မည့် နည်းပညာများ တိုးတက်မြင့်မားလာစေရေး အတွက် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပြုရမည်။

(ဎ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ ဘေးအန္တရာယ်ဖြစ်ခြင်းနှင့် ရေယာဉ်ကြောင့် ဖြစ်ပေါ် လာသည့် မည်သည့်ပျက်စီးဆုံးရှုံးမှုကိုမဆို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သလို စီမံ ခန့်ခွဲပိုင်ခွင့် ရှိသည်။

(ဏ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအလို့ငှာ -

(က) လိုအပ်သော စက်ပစ္စည်းများနှင့် အခြားပစ္စည်းကိရိယာများကို ထုတ်လုပ်ခွင့်၊ ပြုပြင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့်၊ ကုန်သွယ်ခွင့်နှင့် ဝန်ဆောင်မှုပေးပိုင်ခွင့် ရှိသည်။

(ခ) အသုံးပြုရန် လိုအပ်သော မြေကွက်နှင့် အဆောက်အအုံများကို ဝယ်ယူခွင့် သို့မဟုတ် ငှားရမ်းခွင့် ရှိသည်။

၁၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်းသွားလာနေသော ရေနံတင်၊ ဆီတင်သင်္ဘော၊ ရေယာဉ်၊ ဆီတွဲတို့မှ ဖြစ်စေ၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှဖြစ်စေ၊ သင်္ဘောတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှဖြစ်စေ ဆီယိုဖိတ်မှုများကြောင့်သော်လည်းကောင်း၊ ရေယာဉ် များနှင့် ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ အညစ်အကြေး များနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်း ပစ်ချခြင်း၊ စွန့်ထုတ်ခြင်းကြောင့်သော်လည်းကောင်း ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေထုညစ်ညမ်းမှုများ၊ သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များ ပျက်စီး

ဆုံးရှုံးမှု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာပုဂ္ဂိုလ်ထံမှ အဆိုပါ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို တောင်းခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရေယာဉ်များ၊ ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများကို လျော်ကြေးမရမီ တားဆီးထိန်းသိမ်းခွင့်နှင့် လျော်ကြေးတောင်းဆိုပိုင်ခွင့်ရှိသည်။

၁၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) အကြောင်းတစ်စုံတစ်ရာကြောင့် ဆိပ်ကမ်းမှ ထွက်ခွာရန် လိုအပ်သည့် ရေယာဉ်ကို သက်ဆိုင်ရာ ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်ပိုင်ရှင်ထံ အကြောင်းကြားပြီး ဆိပ်ကမ်းတံတားတစ်ခုခုမှ သတ်မှတ်ချိန်အတွင်း ထွက်ခွာရန် ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ညွှန်ကြားပြီးနောက် ပထမဆုံးအကြိမ် ဖြစ်ပေါ်သည့် ရေတက်ရေကျချိန်တွင် အဆိုပါရေယာဉ်သည် သတ်မှတ်ချိန်အတွင်း ထွက်ခွာခြင်းမရှိပါက ဆိုက်ကပ်ထားသည့် ဆိပ်ကမ်း တံတားတွင် ဆိုက်ကပ်လျက်ရှိနေသမျှကာလပတ်လုံး ဒဏ်ကြေးသတ်မှတ် စည်းကြပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ ညွှန်ကြားချက်အရ ထွက်ခွာပြီး ပြန်လည်ဆိုက်ကပ်သော ရေယာဉ်အတွက် ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံရန်မလို။

၁၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပို့ဆောင်မှုလုံခြုံရေး၊ ပင်လယ်ပြင်တွင် အသက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကွန်ဗင်းရှင်းများ၊ နိုင်ငံတကာသင်္ဘောများနှင့် ဆိပ်ကမ်းများတွင် လွယ်ကူအဆင်ပြေစွာအသုံးပြုနိုင်ရန် စီမံထားရှိသော ပစ္စည်းကိရိယာများ ဘေးကင်း လုံခြုံရေးဆိုင်ရာဥပဒေနှင့် ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အောက်ပါ အကြမ်းဖက်မှုကျူးလွန်သူများအား လိုအပ်သော အရေးယူမှုများ ပြုလုပ်နိုင်ရန် ပူးပေါင်း ဆောင်ရွက်ရမည် -

(၁) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင် ပြုလုပ်၍ဖြစ်စေ သင်္ဘောကို ဖမ်းဆီးသိမ်းယူခြင်း သို့မဟုတ် သင်္ဘောသွားလာရေးကို ထိန်းချုပ်ခြင်း၊

(၂) သင်္ဘောသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် သင်္ဘောပေါ်ရှိသူအား အကြမ်းဖက်မှု ကျူးလွန်ခြင်း၊ သင်္ဘောကို ဖျက်ဆီးခြင်း၊ သင်္ဘောပေါ်ပါ လူနှင့်ကုန်စည်များကို ထိခိုက်ပျက်စီး စေခြင်း၊

(၃) သင်္ဘော၏ ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရေကြောင်း ပို့ဆောင်ရေး လွယ်ကူအဆင်ပြေရန် ဆိပ်ကမ်းနယ်နိမိတ်၌ စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှုများကို ဖျက်ဆီးခြင်း၊ ဆိုးရွားစွာ ဝင်ရောက်နှောင့်ယှက် ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊

(၄) ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်းသော သတင်းအချက်အလက်များ ဆက်သွယ်ပေးပို့ခြင်း၊

(၅) နိုင်ငံတကာသွား ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား၊ လွယ်ကူ အဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှု များကို ဆိုးရွားစွာထိခိုက်ပျက်စီးစေခြင်း၊

(၆) သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန် ဒဏ်ရာရရှိစေခြင်း၊ အခြေခံအဆောက်အအုံ ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေခြင်း ဖြစ်ပေါ်စေနိုင်သည့်

ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တုကြွပစ္စည်း၊ ဇီဝ၊ ဓာတုနှင့်ချူကလီးယား လက်နက်များ၊ ရေဒီယိုသတ္တိကြွပစ္စည်းများဖြင့် သင်္ဘောကို ထိခိုက်ပျက်စီးစေခြင်း၊ ထိုပစ္စည်းများကို သင်္ဘောပေါ်နှင့် ဆိပ်ကမ်းများတွင် အသုံးပြုခြင်း သို့မဟုတ် သင်္ဘောပေါ်မှ စွန့်ပစ်ခြင်း၊ ပစ်ချခြင်း သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများ၊ အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများကို သင်္ဘောပေါ်မှ စွန့်ပစ်ခြင်း၊ ပစ်ချခြင်း။

( ခ ) ပုဒ်မခွဲ (က) ပါ အကြမ်းဖက်မှုကျူးလွန်ရာတွင် အသုံးပြုသော သင်္ဘောနှင့် ရေယာဉ်များအား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လိုအပ်သော အရေးယူခြင်းများ ပြုနိုင်သည်။

( ဂ ) မိမိဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် တာဝန်တိုးမြှင့်ပေးမှုကို အထောက်အကူပြုစေရန် လိုအပ်သော လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရမည်။

၂၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

( က ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ် ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီ တောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် နိုးနိုးကြားကြားသတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

( ခ ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်း၍ သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းမှတာဝန်ရှိသူများအား ညွှန်ကြားရမည်။

၂၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ -

( က ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကမ်းပါးနယ်နှင့် ကုန်းမြေမှ စီးဆင်းသော အညစ်အကြေးများ၊ ပင်လယ်ကြမ်းပြင်တွင် ဖြစ်ပေါ်သော အညစ်အကြေးများနှင့် တစ်နည်းနည်းဖြင့် စွန့်ပစ်ပစ္စည်းများ မရှိစေရေးနှင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုမရှိစေရေးအတွက်လည်းကောင်း၊ သင်္ဘောများ၊ ရေယာဉ်များ၊ ဆိပ်ကမ်းတံတားများနှင့် ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့်ပစ္စည်းများ၊ အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်း ပစ်ချခြင်း၊ စွန့်ထုတ်ခြင်းမပြုလုပ်ရေးတို့အတွက်လည်းကောင်း စီမံချက်များ ချမှတ်၍ ကာကွယ်တားဆီးမှုများ ပြုလုပ်ထားရှိရမည်။

( ခ ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်၊ ဆီတင်သင်္ဘော၊ ရေယာဉ်၊ ဆီတွဲတို့မှ လည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှလည်းကောင်း၊ သင်္ဘောတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှလည်းကောင်း ဆီယိုဖိတ်မှုများ မဖြစ်ပွားစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ ဖြန့်ဖြူးခြင်း၊ ကြိုတင်ကာကွယ် တားဆီးမှုများပြုလုပ်ခြင်းနှင့် ဆီယိုဖိတ်မှုများ ဖြစ်ပေါ်လာပါက ရေထုညစ်ညမ်းမှုမရှိစေရေး၊ ရှင်းလင်းဖယ်ရှားရေးနှင့် သန့်စင်ရေးတို့အတွက် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခြင်း ပြုရမည်။ ထိုသို့ပြုလုပ်ရာ၌ ကုန်ကျစရိတ်ကို ပြန်လည်တောင်းခံနိုင်သည်။

၂၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိနှင့် မိမိ၏လက်အောက်ခံဌာနသို့ဖြစ်စေ၊ အခြားအဖွဲ့အစည်းနှင့် ဆိပ်ကမ်းတံတားတစ်ခုခုသို့ဖြစ်စေ ကုန်စည်ခေတ္တအပ်နှံခြင်းနှင့်စပ်လျဉ်း၍ -

( က ) ကုန်စည်ခေတ္တ အပ်နှံသူက ညွှန်ပြသည့်အတိုင်း ထိုကုန်စည်ကို လက်ခံသူအား ပေးအပ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ခေတ္တအပ်နှံသည့် ကုန်စည်၏ အလေးချိန်၊ ပမာဏ၊ တန်ဖိုးနှင့်တူညီသော မိမိ၏ကုန်စည်ကဲ့သို့ သဘောထားပြီး အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) ကုန်စည်ခေတ္တအပ်သူနှင့် ဤကိစ္စအလို့ငှာ သီးခြားသဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ (ခ) ပါ တာဝန်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပါလျက် မိမိအား ခေတ္တအပ်နှံထားသောပစ္စည်းမှာ ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်သည့်အတွက် မိမိတွင် တာဝန်မရှိစေရ။

(ဃ) ကုန်စည်ခေတ္တအပ်နှံသူနှင့် သဘောတူညီထားသည့်အတိုင်း ကုန်စည်ကို သင့်လျော်သောအချိန်အတွင်း အပ်နှံခြင်း သို့မဟုတ် လက်ခံခြင်းပြုရန် ပျက်ကွက်ပြီး၊ ထိုအပ်နှံသည့်ကာလအတွင်း ကုန်စည်မှာ ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်သည့်အတွက် ကုန်စည်ခေတ္တအပ်နှံသူတွင်သာ တာဝန်ရှိပြီး မိမိတွင် တာဝန်မရှိစေရ။

(င) အပ်နှံထားသော ကုန်စည်များကို စတင်လက်ခံထိန်းသိမ်းသည့်နေ့မှ ၂ လ ကျော်လျှင် အဆိုပါ ကုန်စည်များကို လေလံတင်ရောင်းချနိုင်သည်။

၂၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကုန်စည်ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ ယုတ်လျော့ခြင်း၊ မှားယွင်းစွာကုန်ထုတ်ပေးခြင်း၊ ကုန်စည်အား တားဆီးထားခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အကြောင်းအရာတစ်ရပ်ရပ်ဖြစ်ပေါ်ပါက တာဝန်မရှိစေရ -

(က) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊

(ခ) စစ်မက်ဖြစ်ပွားခြင်း၊ အဓိကရုဏ်း၊ လူထုအုံကြွမှု၊ ဆန္ဒပြမှု သို့မဟုတ် တားဆီးပိတ်ပင်မှုဖြစ်ပွားခြင်း၊

(ဂ) ကုန်စည်တင်ပို့သူ၊ ကုန်စည်လက်ခံသူ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ထိုသူတို့၏ ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်း၏ ပြုမူဆောင်ရွက်ချက်ကြောင့် ဖြစ်ပွားခြင်း သို့မဟုတ် ထိုသူတို့၏ မှားယွင်းစွာ ဆောင်ရွက်ခြင်း၊

(ဃ) သိသာထင်ရှားစွာ မြင်သာခြင်းမရှိသော ချို့ယွင်းမှု၊ သဘာဝအလျောက် ယိုယွင်းပျက်စီးမှု စသည်တို့ကြောင့် ဖြစ်ပေါ်သော အလေးချိန် သို့မဟုတ် ကုန်စည်လျော့နည်းကွာဟမှု၊ လေလွင့်ဆုံးရှုံးမှု ဖြစ်ပေါ်ခြင်း၊

(င) အမြင်အားဖြင့် ပျက်စီးခြင်းမရှိသော ကုန်စည်အတွင်းရှိ ကုန်စည်၏ ချို့ယွင်းမှုဖြစ်ပေါ်ခြင်း၊

(စ) ကုန်စည်အပ်နှံသူက ပျက်စီးယိုယွင်းတတ်သော သို့မဟုတ် ယုတ်လျော့နိုင်သောပစ္စည်းဖြစ်ကြောင်း ထုတ်ဖော်မပြောခြင်း၊

(ဆ) ကောင်းမွန်လုံလောက်စွာ ထုပ်ပိုးထားခြင်းမရှိသော သို့မဟုတ် ချို့ယွင်းနေသော ကုန်စည်များ၊ အထုပ်အပိုးများဖြစ်ခြင်း သို့မဟုတ် ကုန်သေတ္တာ၏ ယိုယွင်းမှု၊ ယိုစိမ့်မှုဖြစ်ခြင်း။

၂၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များအပြင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပွင့်လင်းပြီး ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် ဝန်ကြီးဌာနက လွှဲအပ်တာဝန်ပေးအပ်ချက်တို့အရ -

(က) မိမိက စီမံခန့်ခွဲသော ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတို့အား ငှားရမ်းသည့် သဘောတူစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ခ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားသဘောတူစာချုပ်ချုပ်ဆို၍ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်၊ တည်ဆောက်ပိုင်ဆိုင်လုပ်ကိုင်လွှဲပြောင်းစနစ်၊ တည်ဆောက်လွှဲပြောင်းစနစ်၊ တည်ဆောက်ပိုင်ဆိုင်လုပ်ကိုင်စနစ်၊ တည်ဆောက်ငှားရမ်းလွှဲပြောင်း

စနစ်၊ ပုံစံထုတ်တည်ဆောက် ငွေကြေးထောက်ပံ့လုပ်ကိုင်စနစ်၊ ပုံစံထုတ်ဆောက်လုပ်စီမံ ငွေကြေးထောက်ပံ့စနစ် စသည့် နှစ်ဖက်သဘောတူစနစ်တစ်ခုခုဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(ဂ) မိမိက စီမံခန့်ခွဲသော အစိုးရပိုင် ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတို့အား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိကတို့ အစုစပ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းပြုနိုင်သည်။

(ဃ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတို့ သီးခြားဖက်စပ်လုပ်ငန်း သဘောတူစာချုပ် ချုပ်ဆို၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ ဖက်စပ်ကုမ္ပဏီ တည်ထောင်ပြီး လုပ်ကိုင်နိုင်သည်။

(င) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာထည့်ဝင်ငွေများဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ အများနှင့်မသက်ဆိုင်သော ဆိပ်ကမ်းလုပ်ငန်းကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

(စ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေပြီး မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ အများနှင့်သက်ဆိုင်သော ဆိပ်ကမ်းလုပ်ငန်းကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၂၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ပေးအပ်သော သီးခြားတာဝန်များအပြင် အောက်ပါလုပ်ငန်းတာဝန်များကို တာဝန်ယူ၍ ဆောင်ရွက်ရမည် -

(က) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း အမှုထမ်းများအား လုပ်ငန်းအမျိုးအစားနှင့် တစ်ဦးချင်း၏ ကျွမ်းကျင်မှုအရည်အချင်းများအလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်းနှင့် လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ခ) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း အမှုထမ်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများအား ဌာနဆိုင်ရာအရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်း၊ ခွင့်ပေးခြင်း၊ ပင်စင်ပေးခြင်း၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်းတို့နှင့် တာဝန်ကျေပွန်စွာထမ်းဆောင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဆုကြေးငွေချီးမြှင့်ခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဆိပ်ကမ်းများသို့ ချဉ်းကပ်လာသောရေယာဉ်များ၊ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသော ရေယာဉ်များနှင့် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသော ရေယာဉ်များအတွက် ရေကြောင်းလမ်းညွှန်အမှတ်အသားများနှင့် အထောက်အကူပစ္စည်းကိရိယာများ စီမံထားရှိခြင်း၊

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေလမ်းကြောင်းတွင် ရေယာဉ်များ အဝင်အထွက်ပြုလုပ်ခြင်း၊ နေရာရွှေ့ပြောင်းခြင်းပြုလုပ်ရမည့် အချိန်နှင့်နာရီများနှင့် လိုအပ်သောစည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထိုသို့ပြုလုပ်သည့်အခါ ရေယာဉ်များ၏ အမြန်နှုန်းသတ်မှတ်ခြင်း၊

(င) ကုန်စည်များကို လက်ခံခြင်း၊ အတင်အချပြုလုပ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်စက်များ၊ ဝန်ချီစက်ကရိန်းများ၊ ကုန်စည်မတင်မချကိရိယာများ၊

ဟိုက်ဒရောလစ်သုံးပစ္စည်းများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားနိုင်သောစက်ခေါင်းများ၊ ကုန်တင်ကားနှင့် ရထားများ၊ ကုန်သိုလှောင်ရုံများ၊ အခြင်အတွယ်ကိရိယာများနှင့် အခြား အသုံးအဆောင်ကိရိယာများကို စီမံထားရှိခြင်း၊

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအား ရေဖြည့်ဆည်းပေးဝေရေးအတွက် လိုအပ်သော ရေပိုက်လိုင်းများ၊ အဝီစိတွင်းများ၊ ရေသယ်ယာဉ်နှင့် ရေယာဉ်များ တိုကင်များနှင့် ရေဖြန့်ဖြူးရေး ပစ္စည်းကိရိယာများ စီစဉ်ထားရှိပြီး လုံလောက်စွာဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊

(ဆ) ဆိပ်ကမ်းအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများအား စီစဉ် ထားရှိခြင်းနှင့် ဆိုက်ကပ်ရပ်နားသော ရေယာဉ်များတွင် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ် ဆောင်ရွက်ပေးခြင်း၊

(ဇ) လိုအပ်သော ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း မီးပြတိုက်များ၊ မီးပြသင်္ဘောများ၊ အချက်ပြမီးများ၊ ဗော်ယာများ၊ ရေကြောင်းပြသင်္ဘောများ၊ ဆိပ်ကမ်းသို့ဆိုက်ကပ်ရာတွင် ရေကြောင်း လုံခြုံရေးအတွက် လိုအပ်သော ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် ဆိပ်ကမ်းလုပ်ငန်းအတွက် လွယ်ကူအဆင်ပြေချောမွေ့ရန် လိုအပ်သော အခြားအသုံးအဆောင်ပစ္စည်းကိရိယာများကို စီမံ ထားရှိခြင်း၊

(စျ) ဆိပ်ကမ်းအား ထိခိုက်မှုမရှိစေရန် ကာကွယ်ရေးအတွက် လှိုင်းကာ၊ ရေကာတာများ တည်ဆောက် ထားရှိခြင်းနှင့် အခြားလိုအပ်သောလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ရေလမ်းကြောင်းများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စီစဉ် ဆောင်ရွက်ခြင်း၊

(ဋ) ဆိပ်ကမ်းတွင်ရှိစဉ် ရေယာဉ်များက အချက်ပြမီးများကို အသုံးပြုခြင်းကိစ္စနှင့် ရေယာဉ်ပေါ်တွင် အနည်းဆုံးထားရှိရမည့် ရေယာဉ်အမှုထမ်းဦးရေကိစ္စတို့နှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်း များကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(ဌ) အကောက်ခွန်ရုံးများနှင့် အကောက်ခွန်အရာရှိများ နေထိုင်ရာနေရာ၊ အဆောက်အအုံများ ဆောက်လုပ်စီမံထားရှိခြင်း။

## အခန်း (၇)
## အုပ်ချုပ်မှုအဖွဲ့ ဖွဲ့စည်းခြင်း

၂၆။ (က) ဝန်ကြီးဌာနသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား စီးပွားရေးဆန်ဆန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးမည့် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် အုပ်ချုပ်မှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ဖွဲ့စည်းရမည် -

(၁) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ -- ဥက္ကဋ္ဌ

(၂) ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ် -- အဖွဲ့ဝင်

(၃) ဆိပ်ကမ်းလုပ်ငန်းကျွမ်းကျင်သူတစ်ဦး -- အဖွဲ့ဝင်

(၄) သင်္ဘောလုပ်ငန်းကျွမ်းကျင်သူတစ်ဦး -- အဖွဲ့ဝင်

(၅) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်ဟု ယူဆသူတစ်ဦး -- အဖွဲ့ဝင်

(၆) စီးပွားရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး -- အဖွဲ့ဝင်

(၇) စီမံခန့်ခွဲရေးလုပ်ငန်းကျွမ်းကျင်သူတစ်ဦး -- အဖွဲ့ဝင်

(ခ) (၁) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သင့်လျော်သူတစ်ဦးကို အုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(၂) အုပ်ချုပ်မှုအဖွဲ့ အတွင်းရေးမှူးသည် အုပ်ချုပ်မှုအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ အုပ်ချုပ်မှုအဖွဲ့၏ အစည်းအဝေးများ၌ ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ။

(၃) အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးများသို့ အုပ်ချုပ်မှုအဖွဲ့ဝင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်ဟု မှတ်ယူရမည်။

(၄) မည်သည့်အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင်မဆို မဲအများဆုံးဖြင့် ကိစ္စအားလုံးကို ဆုံးဖြတ်ရမည်။ အုပ်ချုပ်မှုအဖွဲ့ဝင်တိုင်းသည် ဆန္ဒမဲတစ်ကြိမ် ပေးပိုင်ခွင့်ရှိသည်။ ဆန္ဒမဲ တူညီနေလျှင် အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌသည် အနိုင်မဲပေးခွင့်ရှိသည်။

၂၇။ (က) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ ခန့်အပ်ပြီးသည့် အချိန်အထိ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များအဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(င) အကြောင်းအရာတစ်ရပ်ရပ်ကြောင့် အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူး နေရာလစ်လပ်သည့်အတွက် အစားထိုးခန့်အပ်ပါက ယင်းအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် မူလရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

၂၈။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၂၉။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်တစ်ဦးဦးသည် -

(က) ရာထူးအလျောက် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံ့ဝန်ထမ်းမှအပ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မိမိဆန္ဒအလျောက် ရာထူးတာဝန်မှ နုတ်ထွက်နိုင်သည်။

(ခ) မြန်မာကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ ဖွဲ့စည်းထားသော ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာဝင် သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းဖြစ်သောကြောင့်ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ထုတ်ချေးသော ချေးငွေ တစ်ခုခုတွင် အကျိုးစီးပွားသက်ဆိုင်သော အကြောင်းသက်သက်ကြောင့်ဖြစ်စေ ယင်း၏ ရာထူး တာဝန်မှ နုတ်ထွက်ခြင်းမရှိစေရ။

(ဂ) အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်သည့်မြေ သို့မဟုတ် ဥပစာဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှုတွင် အကျိုးစီးပွားသက်ဆိုင်၍လည်းကောင်း၊ လွယ်ကူမှုအခွင့်အလမ်းများ တည်ဆောက်ရန်ဖြစ်စေ၊ ပေးအပ်ရန်ဖြစ်စေ တာဝန်ယူသည့် အဖိုးစားနားအဖြစ် အုပ်ချုပ်မှုအဖွဲ့သို့ အာမခံသည့် သတ်မှတ် ထားသော ဝင်ငွေအတွက် အပြန်အလှန်အနေဖြင့် ကုန်စည်များ သင်္ဘောတင်ချရန် လွယ်ကူမှု အခွင့်အလမ်းများပေးအပ်သည့် သဘောတူညီချက်တစ်ခုခုတွင် အကျိုးသက်ဆိုင်နေ၍လည်းကောင်း မိမိ၏ရာထူးမှ နုတ်ထွက်ခြင်းမရှိစေရ။

၃၀။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရာထူးမှ ရပ်စဲနိုင်သည် -

(က) ဝန်ကြီးဌာန၏ အမိန့်အရ ရာထူးတာဝန်မှ ရပ်စဲခံရခြင်း၊

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးလ ပျက်ကွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့၏ အကျိုးစီးပွားကို ထိခိုက်စေသော အခြားလုပ်ငန်းတာဝန်တစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း သို့မဟုတ် ပေါ်ပေါက်ချက်အရ အုပ်ချုပ်မှုအဖွဲ့က ဝန်ကြီးဌာနသို့ တင်ပြ၍ ရာထူးတာဝန်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(ဃ) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့တည်းမဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ရှိမည်မဟုတ်ဟု ဝန်ကြီးဌာနက ကျေနပ်ရမည့်သူ ဖြစ်ရမည်။

၃၁။ အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးသည် ပုဒ်မ ၂၉ အရ ရာထူးတာဝန်မှ နုတ်ထွက်သောကြောင့်သော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ ရာထူးတာဝန်မှ ရပ်စဲသောကြောင့်သော်လည်းကောင်း လစ်လပ်သည့် ရာထူးနေရာတို့၌ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အစားထိုး ခန့်အပ်တာဝန်ပေးရမည်။

## အခန်း (၈)

## အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၂။ အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်၍ လမ်းညွှန်မှုပြုခြင်း၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုသော အဆိုပါ အရာထမ်းအား အသက် ၆၅ နှစ်ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဃ) ကုန်စည်အတင်အချကိုင်တွယ်ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်ချောမွေ့စေရေး၊ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးအတွက်လည်းကောင်း၊ ကုန်သည်သင်္ဘောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်းကောင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများက လက်တွေ့ကျင့်သုံးဆောင်ရွက်သည့် ကောင်းသော အလေ့အကျင့်များနှင့် လိုက်လျောညီထွေရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(င) ဆိပ်ကမ်းလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ဆိပ်ကမ်းပတ်ဝန်းကျင်ကောင်းမွန်ထိန်းသိမ်းရေးတို့အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် အစီအစဉ်များ ချမှတ်၍ လိုအပ်သော လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) ဆိပ်ကမ်းလုံခြုံရေး၊ ကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းသည့် ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) အုပ်ချုပ်မှုအဖွဲ့၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဇ) ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်း ကုန်စည်များ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)

## ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံခြင်း၊ ကြွေးကျန်များအတွက် သိမ်းယူခြင်းနှင့် ထိုကြွေးကျန်များကို အရကောက်ခံခြင်း

၃၃။ (က) သင်္ဘောပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည် ဆိပ်ကမ်းများတွင် ပင်လယ်ကူးသင်္ဘောများနှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ အသုံးပြုခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို ခိုင်လုံသောအကြောင်း မရှိဘဲ ပေးဆောင်ရန် တမင်ပျက်ကွက်ပါက ထိုဆိပ်ကမ်းဝန်ဆောင်ခများ၏ ၅ ဆကို ဒဏ်ကြေး အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။ ထိုသို့တောင်းခံသော်လည်း ပေးဆောင်ရန် ပျက်ကွက်ပါက ရေယာဉ်နှင့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာများကို အဆိုပါ ဒဏ်ကြေး အပြေအကျေမရမီအထိ ထိန်းသိမ်းထားနိုင်သည်။

(ဂ) ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်တွင် တာဝန်ထမ်းဆောင်သူတစ်ဦးဦးသည် မိမိ၏လုပ်ဆောင်မှု သို့မဟုတ် ပေါ့လျော့မှုကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်သော သို့မဟုတ် လက်ဝယ်ထားရှိ အသုံးပြုသော ဆိပ်ကမ်းတံတားကိုဖြစ်စေ၊ ဆိပ်ကမ်းဆိုင်ရာ လွယ်ကူ အဆင်ပြေရေးအတွက် အသုံးအဆောင်ပစ္စည်းကိရိယာတစ်ခုခုကိုဖြစ်စေ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားပါက ထိုသို့ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်သည့်အတိုင်း ပေးလျော်ရန် တာဝန်ရှိသည်။

၃၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ၊ ဒဏ်ကြေးများနှင့် လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံရာတွင် သင့်လျော်သောအရာရှိအား ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ သို့မဟုတ် လျော်ကြေးများကို ပေးဆောင်ရန်ပျက်ကွက်သည့် ကာလအတွင်းတွင်လည်းကောင်း၊ ထိုပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံနေသည့်ကာလအတွင်းတွင် လည်းကောင်း ထိုရေယာဉ်ကို ဆိပ်ကမ်းမှ ထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာ အရာရှိအား ညွှန်ကြားရမည်။

(ဃ) သက်ဆိုင်ရာအရာရှိသည် ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားသည့်အခါ ထိုရေယာဉ်အား ထွက်ခွာခွင့် လက်မှတ် ထုတ်ပေးခြင်းမပြုရ။

## အခန်း (၁၀)
## ဘဏ္ဍာရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြည်တွင်းပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေချေးယူနိုင်သည်။

၃၆။ (က) မည်သည့်ဘဏ္ဍာရေးနှစ်တွင်မဆို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဝင်ငွေမှ အောက်ဖော်ပြပါ ကုန်ကျစရိတ်များ ကျခံသုံးစွဲနိုင်သည် -

(၁) အုပ်ချုပ်မှုအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ အခကြေးငွေနှင့် ထောက်ပံ့စရိတ်များ၊

(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏ လစာငွေများ၊ အခကြေးငွေများ၊ ချီးမြှင့်ငွေများ၊ အငြိမ်းစားလစာများ၊ နှစ်ပြည့်အငြိမ်းစားလစာခံစားခွင့်များနှင့် လုပ်သက်ဆုငွေများ၊

(၃) ဝင်ငွေစာရင်းမှ ကျခံရမည်ဖြစ်သော လုပ်ငန်းလုပ်ဆောင်မှုစရိတ်များ၊ ပြုပြင်ထိန်းသိမ်းရေး စရိတ်များနှင့် တန်ဖိုးလျော့ လျာထားအသုံးစရိတ်များ၊

(၄) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ချေးယူထားငွေအပေါ် ပေးဆောင်ရမည့် အတိုးစရိတ်များ၊

(၅) အစိုးရထံမှ ချေးယူထားငွေများအပေါ် ပြန်လည်ပေးဆပ်ရန် လိုအပ်မည့်ငွေရပ်များ၊

(၆) ကာလရှည်အကြွေးများ ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ကုန်ခန်းတတ်သော ပိုင်ဆိုင်ပစ္စည်း များနှင့် တန်ဖိုးလျော့သော ပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်အစားထိုးရန်အတွက် သီးသန့် ဖယ်ထားသော ရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ရန် လိုအပ်သောငွေရပ်များ၊

(၇) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပိုင်ဆိုင်ပစ္စည်းများအား အသစ်အစားထိုးလဲလှယ်နိုင်ခြင်း သို့မဟုတ် တန်ဖိုးလျော့ကျခြင်းတို့အတွက် သီးသန့်ဖယ်ထားရန် သင့်လျော်သည်ဟု ယူဆသော ငွေရပ်များ၊

(၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ခွင့်ပြုသော ဝင်ငွေစာရင်းမှ ကျခံသုံးစွဲခွင့်ရှိသည့် လုပ်ငန်းသစ် အတွက် ကုန်ကျစရိတ်များ၊ စက်ကိရိယာများ၊ ရေယာဉ်များ၊ ယာဉ်များ၊ ယန္တရားများ၊ တပ်ဆင်စက်ကိရိယာများအတွက် ကုန်ကျစရိတ်များ၊

(၉) ဝင်ငွေစာရင်းမှ ကျခံသုံးစွဲသင့်သည်ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆုံးဖြတ်ထားသည့် အခြားအသုံးစရိတ်များ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမြတ်လက်ကျန်ငွေကို သင့်လျော်သည့်ရာခိုင်နှုန်း သတ်မှတ်၍ အထွေထွေရန်ပုံငွေနှင့် သင့်လျော်သည့် သီးသန့်ရန်ပုံငွေစာရင်းများ ဖွင့်လှစ်ထားရှိနိုင်သည်။

၃၇။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဘဏ္ဍာရေးနှစ်တိုင်းအတွက် အရအသုံးခန့်မှန်းခြေစာရင်း များကို ယခင်ဘဏ္ဍာရေးနှစ်များ၏ အမှန်ဝင်ငွေနှင့် အသုံးစရိတ်များအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲရမည်။

(ခ) နောက်ဆက်တွဲခန့်မှန်းခြေငွေစာရင်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင် လက်ခံအတည်ပြုနိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အတည်ပြုထားသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းနှင့် နောက်ဆက်တွဲရသုံးမှန်းခြေငွေစာရင်း မိတ္တူတစ်စုံကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ခံအတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့် နောက်ဆက်တွဲရသုံးမှန်းခြေငွေစာရင်းများ၏ အကျဉ်းချုပ်တို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၃၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် သင့်လျော်သည်ဟု ယူဆသောဘဏ် သို့မဟုတ် ဘဏ်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမည်ဖြင့် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်း ဖွင့်လှစ်ထားပိုင်ခွင့်ရှိသည်။ ဘဏ်စာရင်းတစ်ခုချင်းစီမှ ငွေထုတ်ယူသုံးစွဲမှုကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ကိုယ်စား တာဝန်ပေးအပ်ထားသောပုဂ္ဂိုလ်များမှ လက်မှတ်ရေးထိုးသော ချက်လက်မှတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ဝင်ငွေ၊ ထွက်ငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

၄၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိရရှိသော နိုင်ငံခြားဝင်ငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိရမည်။

၄၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၄၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါစာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း တင်ပြရမည် -

(က) ငွေသားအခြေအနေ၊

(ခ) လက်ကျန်ရှင်းတမ်း၊

(ဂ) အရှုံး၊ အမြတ်စာရင်း၊

(ဃ) ဝန်ထမ်းအင်အားစာရင်း၊

(င) ကုန်စည် ထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း။

၄၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၄၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏ငွေကြေးအရင်းအနှီးများကို ရင်းနှီးမြှုပ်နှံနိုင်သည်။

၄၅။ ဇယားတွင် ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပတ်သက်၍ အကျိုးသက်ရောက်စေရမည်။

၄၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် မည်သည့်နေရာတွင်မဆို တာဝန်ထမ်းဆောင်နေကြသော မည်သည့်ဝန်ထမ်းကိုမဆို ယင်းတို့၏ ကွယ်လွန်ခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်း၊ ပင်စင်ပေးခြင်းတို့ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် မူတည်၍ သင့်လျော်သော ကရုဏာကြေးကို ခွင့်ပြုပေးနိုင်သည်။

## အခန်း (၁၁)
## ရေကြောင်းပြမှူးကြီး လုပ်ငန်းလိုင်စင်နှင့် ရေကြောင်းပြ တာဝန်ပေးခြင်း

၄၇။ (က) ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင် ရရှိရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူအား အရည်အချင်း ပြည့်မီခြင်း ရှိ မရှိ စာတွေ့လက်တွေ့ စစ်ဆေးအကဲဖြတ်၍ အရည်အချင်းပြည့်မီသူအား ရွေးချယ်ပြီး ရေကြောင်းပြမှူးကြီးအဖြစ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီးများကို ကျွမ်းကျင်မှုအလိုက် အဆင့်သတ်မှတ်၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၄၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သော လုပ်ငန်း လိုင်စင်ရ ရေကြောင်းပြမှူးကြီးအား စီမံခန့်ခွဲရေးနည်းလမ်းအရ သင့်လျော်သောပြစ်ဒဏ် ချမှတ်ခြင်း၊ လုပ်ငန်းလိုင်စင်ကို ရပ်စဲခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တာဝန်ထမ်းဆောင်ရာ၌ ပေါ့ဆခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားခြင်း၊

(ဃ) အခြားခိုင်လုံသော အကြောင်းတစ်ရပ်ရပ်အရ ရေကြောင်းပြမှူးကြီးအဖြစ် တာဝန်ပေးရန် မသင့်ဟု ယူဆခြင်း။

၄၉။ ရေယာဉ်နှင့်ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်များက ဆိပ်ကမ်းသို့ ဝင်ရောက် သော သို့မဟုတ် ဆိပ်ကမ်းမှ ထွက်ခွာသော ရေယာဉ်အသီးသီး၏ ရေယာဉ်မှူးသည် -

(က) ရေကြောင်းဌာနမှ သတ်မှတ်ထားသော ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့်တောင်းခံရယူ နိုင်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီမှတစ်ပါး လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီး၏ အကူအညီကို မဖြစ်မနေတောင်းခံရယူပြီး ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်းခြင်း ပြုရမည်။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်ရောက်ရှိ ဆိုက်ကပ်သည့်အခါ ထိုသို့ ရေယာဉ်ရောက်ရှိ ဆိုက်ကပ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ ထံသို့ သတင်းပို့ရမည်။ ထို့အပြင် အဆိုပါရေယာဉ် ပြန်လည်ထွက်ခွာသည့်အချိန်တွင်လည်း သတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံသို့ သတင်းပို့ရမည်။

(ဂ) ရေယာဉ်နှင့်ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ပြည်တွင်းကမ်းရိုးတန်းသွား ကုန်သွယ် ရေယာဉ်များသည် ရေကြောင်းဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီ မှသာ ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့် တောင်းခံရယူနိုင်သည်။

(ဃ) ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်ထွက်ခွင့်ရရှိသည့်တိုင်အောင် သတ်မှတ်ထားသော ရေကြောင်းပြ ဌာနရမ်းခကိုမူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမပြုဘဲ ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုပါက ဤဥပဒေအရ ပြစ်မှုဖြင့် အရေးယူခံရမည်။

(စ) ရေယာဉ်ကြောင့်ဖြစ်စေ၊ ရေယာဉ်ကို ရေလမ်းကြောင်းအတိုင်း မောင်းနှင်ရာ၌ ချွတ်ချော်မှုကြောင့်ဖြစ်စေ၊ မတော်တဆ ရေယာဉ်ချင်းတိုက်မိမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် တာဝန်ယူဖြေရှင်းပြီး ထိုက်သင့်သောလျော်ကြေး ပေးရမည်။

၅၀။ ရေယာဉ်ကို ကြီးကြပ်လာသူ ရေကြောင်းပြမှူးကြီး၏ ဥပဒေနှင့်အညီ အကြံပေးချက်ကို လက်ခံရန် ရေယာဉ်တစ်စီး၏ ရေယာဉ်မှူးက ငြင်းဆိုလျှင် ရေကြောင်းပြမှူးကြီးသည် ရေယာဉ်ကို ဘေးကင်းစွာ ကျောက်ချရပ်နားနိုင်သော ပထမဆုံးနေရာသို့ ရောက်ရှိသည့်အခါ ရေယာဉ်ကို ကျောက်ချပြီး ရေကြောင်းပြ လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ငြင်းဆိုနိုင်သည်။

## အခန်း (၁၂)

## ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကျန်းမာရေး ဆောင်ရွက်ခြင်း

၅၁။ ဝန်ကြီးဌာနသည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များတွင် သယ်ဆောင်လာသည့် ခရီးသည်နှင့် ကုန်စည်များမှတစ်ဆင့် ကူးစက်သော ရောဂါများဝင်ရောက်လာပြီး၊ အများပြည်သူကျန်းမာရေးကို အန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရန်အလို့ငှာ ပင်လယ်ကူးသင်္ဘော ဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းအသီးသီးတွင် ကျန်းမာရေးအရာရှိများအား ခန့်အပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကိုယ်တိုင်ဖြစ်စေ၊ ပုဒ်မ ၅၁အရ ခန့်အပ်တာဝန်ပေးသော ကျန်းမာရေးအရာရှိကို လွှဲအပ်၍ဖြစ်စေ ပင်လယ်ကူးသင်္ဘော ဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကူးစက်ရောဂါကာကွယ်ရေး၊ နာမကျန်းသူများ ကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များမှ ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများ ကာကွယ်တားဆီးရေး၊ စစ်ဆေးရေး၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေးအစီအစဉ်များကို စီမံဆောင်ရွက်ထားရှိခြင်း၊

(ခ) ရေယာဉ်ပေါ်တွင် ကူးစက်တတ်သောရောဂါ ဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိသော ရေယာဉ်များအတွက်လည်းကောင်း၊ ရေယာဉ် ထွက်ခွာလာချိန်တွင် ထွက်ခွာလာသည့် ဆိပ်ကမ်း၌ဖြစ်စေ၊ ယင်းဆိပ်ကမ်း၏ အနီးအနားပတ်ဝန်းကျင်၌ဖြစ်စေ၊ ကူးစက်တတ်သောရောဂါ ဖြစ်ပွားသည်ဟု ယုံကြည်ရသော သို့မဟုတ် အမှန်တကယ်ဖြစ်ပွားခဲ့သော ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာရေယာဉ်များအတွက်လည်းကောင်း အချက်ပြအလံတင်ခြင်း၊ ကျောက်ချရန်နေရာ သတ်မှတ်ပေးခြင်းနှင့် အများပြည်သူအား ထိုသို့ကူးစက်ရောဂါဖြစ်ပွားကြောင်း အရေးပေါ် အသိပေးကြေညာခြင်း၊

(ဂ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ပေါ်တွင် ပါရှိသူများကို ကျန်းမာရေး စစ်ဆေးခြင်း၊

(ဃ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ပေါ်ရှိ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် အခြားပုဂ္ဂိုလ်များက ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရမည့် မေးခွန်းများနှင့် ပေးပို့ရမည့် သတင်းအချက်အလက်များ သတ်မှတ်ခြင်း၊

(င) ကူးစက်တတ်သောရောဂါမျိုး ဖြစ်ပွားသည့်အခါ ထိုရေယာဉ်များ၏ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် ရေယာဉ်ပေါ်ရှိ အခြားပုဂ္ဂိုလ်များက ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ခြင်း၊

(စ) ကူးစက်ရောဂါစွဲကပ်နေသည် သို့မဟုတ် စွဲကပ်နေကြောင်း သံသယရှိသည့် ရေယာဉ်ပေါ်ရှိ မည်သည့် ပုဂ္ဂိုလ်ကိုမဆို ကျန်းမာရေးအရာရှိက သဘောတူသော ဆေးရုံ၊ ဆေးခန်းတစ်ခုခုသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့် အဆိုပါရေယာဉ်အား ထိန်းသိမ်းထားခြင်း၊

(ဆ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ကိုဖြစ်စေ၊ ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ကူးစက်တတ်သောရောဂါပိုးများ ရှိနေနိုင်သည့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာတစ်စုံတစ်ရာကို ဖြစ်စေ သန့်စင်ခြင်း၊ လေကောင်းလေသန့်ရအောင် ဆောင်ရွက်ခြင်း၊ ပိုးသတ်ခြင်းနှင့်ဆိုခဲ့သော ရေယာဉ်ပေါ်ရှိ ကြွက် သို့မဟုတ် ကူးစက်တတ်သောအခြားပိုးမွှားများကို သုတ်သင်ခြင်း၊

(ဇ) ရေယာဉ်ပေါ်၌ ကူးစက်ရောဂါကြောင့် သေဆုံးသူများအတွက် စီမံဆောင်ရွက်ခြင်း၊

(ဈ) ရေယာဉ်ပေါ်ရှိသူများနှင့် ကုန်စည်များမှ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော ကြိုတင်ကာကွယ်မှုများနှင့် ကုသမှုများ ဆောင်ရွက်နိုင်ရန်နှင့် ကူးစက်ရောဂါပြန့်ပွားမှု မရှိစေရေး အတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့သို့ အကြောင်းကြားခြင်း။

၅၃။ ပြည်ပမှဝင်ရောက်လာသည့် ရေယာဉ်မှူးသည် -

(က) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်ခြင်းမပြုမီ သင်္ဘောပေါ်တွင် ကူးစက်ရောဂါ ကင်းရှင်းကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ကြိုတင်အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်သည့်အခါ မိမိကိုယ်တိုင်ဖြစ်စေ၊ ထိုသင်္ဘော၏ ကျန်းမာရေးအရာရှိပါရှိလာလျှင် ထိုအရာရှိက ထောက်ခံလက်မှတ်ရေးထိုး၍ဖြစ်စေ၊ ကျန်းမာရေး အန္တရာယ်ကင်းရှင်းကြောင်း ကြေညာချက်ကို သတ်မှတ်ထားသည့်ပုံစံဖြင့် ကျန်းမာရေးအရာရှိသို့ ပေးအပ်ရမည်။

၅၄။ ကျန်းမာရေးအရာရှိသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုကိုခံယူ၍ မိမိအား တာဝန် ပေးထားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း၌ အောက်ပါလုပ်ပိုင်ခွင့်များ ရရှိစေရမည် -

(က) ရေယာဉ်ပေါ်တွင် ရေထောက်ပံ့ဖြည့်ဆည်းမှုများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ၊ အစား အသောက်များနှင့် သင်္ဘောသားများ၏ နေရာထိုင်ခင်းများမှာ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက် စစ်ဆေးပိုင်ခွင့်၊

(ခ) မည်သည့်ရေယာဉ်ပေါ်သို့မဆို တက်ရောက်ပြီး သင်္ဘောပေါ်ရှိ သင်္ဘောသားများ၊ အလုပ်သင်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကျန်းမာရေးစစ်ဆေးပိုင်ခွင့်၊

(ဂ) ရေယာဉ်ပေါ်ရှိပုဂ္ဂိုလ်များ၏ ကျန်းမာရေးနှင့် ဆေးဝါးကုသမှုအခြေအနေကို စစ်ဆေးကြည့်ရှုရန် အတွက် လိုအပ်သည့် သင်္ဘောနေ့စဉ်မှတ်တမ်းစာအုပ်နှင့် အခြားစာအုပ်များ၊ စာရွက်စာတမ်း များနှင့် စာတမ်းအမှတ်အသားများကို ထုတ်ပြစေရန် တောင်းဆိုခွင့်နှင့် ငြင်းဆိုပါက အတင်း အကျပ် ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) အဆိုပါ ရည်ရွယ်ချက်တစ်ခုခုအတွက် ဆိုခဲ့သည့်ပုဂ္ဂိုလ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ မိမိရှေ့မှောက်သို့ ခေါ်ယူမေးမြန်းခွင့်နှင့် မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း မေးမြန်းသော မေးခွန်းများကို မှန်ကန်စွာဖြေဆိုစေရန် တောင်းဆိုခွင့်၊

(င) မေးမြန်းခံရသူက မှန်ကန်စွာဖြေဆိုကြောင်း ဝန်ခံချက်ရေးသား လက်မှတ်ရေးထိုးရန် တောင်းဆိုခွင့်။

၅၅။ ကျန်းမာရေးအရာရှိသည် တာဝန်ကျဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ဆိုက်ကပ်သော ပင်လယ်ကူးသင်္ဘောများပေါ်တွင် ပုဒ်မ ၅၄ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ တက်ရောက်စစ်ဆေးပြီး ထိုသင်္ဘော တွင် ကာကွယ်ဆေးထိုးပြီးကြောင်း၊ ကူးစက်ရောဂါကာကွယ်ပြီးကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာရေယာဉ်မှူးနှင့် တာဝန်ရှိသူများအား ထောက်ခံချက်သက်သေခံလက်မှတ် ထုတ်ပေးရမည်။

၅၆။ ကျန်းမာရေးအရာရှိသည် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးကင်းရှင်းကြောင်း ထောက်ခံချက်သက်သေခံ လက်မှတ်ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေတောင်းဆိုခြင်းမပြုရ။

## အခန်း (၁၃)
## ဆိပ်ကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၅၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းအသီးသီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) ဆိပ်ကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုအပ်ပါက ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများအား လွှဲအပ်တာဝန်ပေးနိုင်သည်။

(ဂ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများအား ချီးမြှင့်ခြင်းနှင့် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများအား အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင်ဖြစ်စေ၊ ဆိပ်ကမ်းနယ်နိမိတ်ပြင်ပတွင်ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံထားရှိသော ဗော်ယာများနှင့် အခြားသော ရေကြောင်းပြအထောက်အကူပစ္စည်းများကို ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ရှိ ကုန်စည်များအား စနစ်တကျထိန်းသိမ်းထားသိုခြင်းနှင့် တစ်ဆင့်သယ်ယူခြင်းများပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ရမည်။

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကုန်စည်များ နေရာချထားခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဆ) ရေယာဉ်မှူး၊ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် အခြားမည်သည့်ပုဂ္ဂိုလ်ကိုမဆို ဆိပ်ကမ်းတံတားများတွင် ကုန်စည်အတင်အချဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အချိန်နှင့်အချက်အလက်များ ပေးပို့ရာတွင် စနစ်တကျရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဇ) ရည်ရွယ်ချက်တစ်ခုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသော နေရာမှတစ်ပါး ရေယာဉ်ပေါ်သို့ ခရီးသည်များ အတက်အဆင်းမပြုလုပ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ဈ) ဤဥပဒေအရ ကောက်ခံရမည့် ဆိပ်ကမ်းဝန်ဆောင်ခများ ပေးဆောင်ရမည့်နည်းလမ်းများ စီမံဆောင်ရွက်ရမည်။

(ည) သင်္ဘောဆိုက်ရန် နေရာများ၊ ဆိပ်ကမ်းတံတားများ၊ ဆင်းတက်ရန်နေရာများ၊ တံတားဦးတိုများ၊ ကုန်းတက်ရန်နေရာများ၊ ရထားသံလမ်းများ၊ ကုန်လှောင်ရုံများ၊ အခမဲ့ကုန်ရုံများ၏ အတွင်း၌ဖြစ်စေ၊ ယင်းတို့နှင့် ဆက်စပ်ဒေသများတွင်ဖြစ်စေ တည်ဆောက်ထားသည့် အခြားအလုပ်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ လွယ်လင့်တကူအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

(ဋ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သည့် အဆောက်အဦ၊ မြေ၊ ဥပစာအတွင်း ကုန်စည်များကို လက်ခံခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်းဆိုင်ရာကိစ္စရပ်များ၊ သင်္ဘောမှမချမီ ကုန်စည်များပျက်စီးနေခြင်း သို့မဟုတ် ယင်းသို့ပျက်စီးနေသည်ဟု အဆိုပြုထားခြင်းခံရသော ကုန်စည်များကို လက်ခံရာ၌ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။

၅၈။ (က) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် ဆိပ်ကမ်းအတွင်းရှိ မည်သည့်ရေယာဉ်ကိုမဆို ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် စည်းကမ်းသေဝပ်ရေးတို့အတွက် အမိန့်ထုတ်ဆင့်၍ ညွှန်ကြားနိုင်သည်။

(ခ) မိမိ ထုတ်ဆင့်၍ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူအား ဤဥပဒေအရ ပြစ်မှုဖြင့် အရေးယူနိုင်သည်။

၅၉။ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် -

(က) ဆိပ်ကမ်းတွင် ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်သဖြင့် ရေယာဉ်များကို ချက်ချင်းဖယ်ရှားရန် လိုအပ်သည့်အခါ ရေယာဉ်များအား ချည်နှောင်ထားသည့်ကြိုး သို့မဟုတ် ကျောက်ကြိုး စသည် တို့ကို ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် သင့်လျော်သူတစ်ဦးဦးအား ဆောင်ရွက်စေခြင်းပြုနိုင်သည်။

(ခ) ရေယာဉ်များ လွတ်လပ်စွာသွားလာမှုကိုဖြစ်စေ၊ သင်္ဘောဆိုက်ကပ်ရန်နေရာ၊ ဆိပ်ကမ်းတံတား၊ ကုန်ချရန်နေရာ၊ ကျောက်ချရန်နေရာတစ်ခုခု အသုံးပြုမှုကိုဖြစ်စေ အတားအဆီးဖြစ်စေသော သစ်ဖောင်၊ ဝါးဖောင် သို့မဟုတ် ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသော မည်သည့်အခြားအရာဝတ္ထုကိုမဆို ဖယ်ရှားခြင်းကိုသော်လည်းကောင်း၊ ရေယာဉ်အပျက်အစီး၊ သောင်တင်ရေယာဉ် သို့မဟုတ် နစ်မြုပ်ရေယာဉ်ကို ဖော်ယူခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးပစ်ခြင်းကို သော်လည်းကောင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာ၌ ကုန်ကျစရိတ်ငွေနှင့် ထိုငွေ၏ ၂၀ ရာခိုင်နှုန်း တို့ကို ထပ်ဆောင်းပြီး သက်ဆိုင်ရာကုန်စည်ပိုင်ရှင်ထံမှ တောင်းခံနိုင်သည်။ ထိုသို့ တောင်းခံ၍ မရပါက အဆိုပါကုန်စည်များအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချပြီး အဆိုပါကုန်ကျစရိတ်ကို ရယူနိုင်သည်။ ထုခွဲရောင်းချငွေသည် ကုန်ကျစရိတ်နှင့် လုံလောက်မှု မရှိပါက ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့အရ တောင်းခံနိုင်သည်။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ပြစ်မှုတစ်ခုခုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာအကြောင်း၊ ယုတ္တိရှိကြောင်း သတင်းရရှိပါက မည်သည့်ရေယာဉ် သို့မဟုတ် အဆောက်အဦအတွင်းသို့မဆို ဝင်ရောက်စစ်ဆေးခြင်း ပြုပိုင်ခွင့်ရှိသည်။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း မီးဘေးကာကွယ်တားဆီးရေးအတွက်သော်လည်းကောင်း၊ မီးငြိမ်း သတ်ရန်အတွက်သော်လည်းကောင်း ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ မည်သူကိုမဆို အကူအညီ တောင်းခံ၍ ရယူဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(င) ဆိပ်ကမ်းနယ်နိမိတ်နှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော် ဝင်ရောက်သူများအား တည်ဆဲဥပဒေနှင့်အညီ ဖယ်ရှားနှင်ထုတ်နိုင်သည်။

(စ) စည်းကမ်းချက်နှင့်မညီဘဲ စွန့်ပစ်သော သို့မဟုတ် စုပုံသော သင်္ဘောဝမ်းစာများအား ရေလမ်းကြောင်း မထိခိုက်စေရန် ဖယ်ရှားရှင်းလင်းခြင်း၊ ထိုသို့ဖယ်ရှားရှင်းလင်းရာတွင် ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ရေယာဉ်မှူးထံ တောင်းခံခြင်းနှင့် သင်္ဘောဝမ်းစာများကို စွန့်ပစ်သော သို့မဟုတ် စုပုံသော ရေယာဉ်မှူးအား အရေးယူခြင်း ပြုနိုင်သည်။

(ဆ) ဆိပ်ကမ်းသို့ အဝင်အထွက်ပြုလုပ်မည့် ရေယာဉ်များ၏ ကုန်စည်နှင့် ခန့်မှန်းကြာချိန်များကို ရှင်းလင်းစွာသိရှိရန် လိုအပ်သည်ဟု ယူဆပါက ဆိပ်ကမ်းအတွင်း အဝင်အထွက်မပြုလုပ်မီနှင့် ဆိပ်ကမ်းအတွင်းသို့ အဝင်အထွက်ပြုလုပ်မည့် ရေယာဉ်တစ်စင်းစင်း၏ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် ရေယာဉ်မှူးများအား သတင်းအချက်အလက်များပေးရန် ညွှန်ကြားမှုပြုနိုင်သည်။

(ဇ) တားမြစ်ကန့်သတ်ထားသောနေရာများ၌ ရေယာဉ်များ နေရာချခြင်း၊ ကျောက်ချရပ်နားခြင်း၊ လမ်းကြောင်းသတ်မှတ်ပေးခြင်းတို့ကို သတင်းထုတ်ပြန်ကြေညာရမည်။

၆၀။ ဆိပ်ကမ်းသို့ ရောက်ရှိသော ရေယာဉ်၏ ပိုင်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် ရေယာဉ်မှူးသည် -

(က) ရေယာဉ်ဆိပ်ကမ်းသို့ ဝင်ရောက်သည့်အခါ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ အခါအား လျော်စွာ ညွှန်ကြားချက်အတိုင်း ထိုသို့ရောက်ရှိကြောင်းကို သတင်းပို့ရမည်။

(ခ) သတ်မှတ်ပေးသည့်အချိန်အတွင်း အောက်ပါတို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆိပ်ကမ်း ထိန်းသိမ်းစောင့်ရှောက်သူထံ တင်ပြသတင်းပို့ရမည် -

(၁) သတ်မှတ်ထားသည့်ပုံစံဖြင့် ရေယာဉ်ရောက်ရှိကြောင်း အထွေထွေကြေညာချက်၊

(၂) နောက်ဆုံးထွက်ခွာခဲ့သော ဆိပ်ကမ်း၏ ထွက်ခွာခွင့်လက်မှတ်၊

(၃) ရေယာဉ်ပေါ်ပါ ခရီးသည်စာရင်း၊

(၄) သင်္ဘောသားများစာရင်း၊

(၅) ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချပြုလုပ်မည့် စာရွက်စာတမ်းမိတ္တူ၊

(၆) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက အခါအားလျော်စွာ သတ်မှတ်သော အခြားစာတမ်း အမှတ်အသားများ။

၆၁။ ဤဥပဒေတွင် အကျုံးဝင်သော ဆိပ်ကမ်းတစ်ခုခုမှ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ ဆောင်ရွက်သည့် လုပ်ဆောင်မှု သို့မဟုတ် ပျက်ကွက်မှုတစ်စုံတစ်ရာအတွက်လည်းကောင်း၊ ရေကြောင်းပြမှူးကြီး တစ်ဦးဦး၏ လုပ်ဆောင်မှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာအတွက်လည်းကောင်း၊ ရေယာဉ်က အသုံးပြုသည့် နိုင်ငံတော်အစိုးရပိုင် ကျောက်စွဲကိရိယာ၊ သင်္ဘောချည်ကြိုးနှင့် အခြားပစ္စည်းတစ်ခုခု၏ တစ်စုံတစ်ရာ ချွတ်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရေယာဉ်ပျက်စီးမှုတစ်စုံတစ်ရာအတွက်လည်းကောင်း လျော်ကြေး ပေးရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ တာဝန်မရှိစေရ။

## အခန်း (၁၄)

## ဆိပ်ကမ်းတံတားများနှင့် သင်္ဘောကျင်းများ ဆောက်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း

၆၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ လွယ်ကူအဆင်ပြေစွာ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့် ထွက်ခွာခြင်းပြုနိုင်ရေးအတွက်လည်းကောင်း၊ ခရီးသည်အတက်အဆင်းနှင့် ကုန်စည်များ အတင်အချပြုလုပ်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော ဆိပ်ကမ်းတံတားများကို ဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုရမည်။

၆၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်းပြည်ပသွားရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း များအတွက် လိုအပ်သော သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတို့ကို ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် တည်ဆောက်ပြီး ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် ကျွမ်းကျင်သူ အင်ဂျင်နီယာများကို စီစဉ်ထားရှိရမည်။

၆၄။ (က) ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကို တည်ဆောက်လုပ်ကိုင်လိုလျှင်သော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတစ်မျိုးမျိုးကို တည်ဆောက်လုပ်ကိုင်လိုလျှင်သော်လည်းကောင်း လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍ ခွင့်ပြုပါက လျှောက်ထားသူအား ဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေး ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်အတွက် သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးသွင်းပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၆၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ ဤဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း

ဖောက်ဖျက်ပါက ထိုဖောက်ဖျက်သူအား သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေး တပ်ရိုက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်းတို့ ပြုနိုင်သည်။

## အခန်း (၁၅)
## တားမြစ်ချက်များ

၆၆။ မည်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်မျှ ဤဥပဒေအရ ထုတ်ပေးထားသည့်လုပ်ငန်းလိုင်စင်မရှိဘဲ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွှန်းလမ်းတစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်း သို့မဟုတ် လုပ်ကိုင်ခြင်း မပြုရ။

၆၇။ မည်သည့်ရေယာဉ်မှူးမျှ -

(က) ရေယာဉ်နှင့်ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်တစ်မျိုးမျိုးကို ရေကြောင်းပြမှူးကြီး မပါရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်သော ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း၊ ဆိပ်ကမ်းဆိုက်ကပ်ခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းအတွင်း နေရာပြောင်းရွှေ့ခြင်း မပြုလုပ်ရ။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုသို့ ပင်လယ်နှင့်ဆက်သွယ်ထားသည့် မြစ်ကြောင်း သို့မဟုတ် ရေလမ်းကြောင်းအစိတ်အပိုင်းတစ်ခုခု၏ နယ်နိမိတ်အတွင်းထားရှိသော အချက်ပြဌာနတစ်ခုခုမှ အချက်ပြမှုကို မြင်သာသည့် အကွာအဝေးသို့ ရောက်သည့်အခါ ရေကြောင်းပြရေယာဉ်မှ ရေကြောင်းပြမှူးကြီးက အချက်ပြရန် တောင်းခံလျှင် အပြည်ပြည်ဆိုင်ရာသုံး အချက်ပြအလံ လွှင့်ထူရန် ပျက်ကွက်ခြင်းမရှိစေရ။

၆၈။ မည်သည့်ရေယာဉ်မှူးမျှ -

(က) ဆိပ်ကမ်းအတွင်း ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော အချက်ပြမီးများကို ထွန်းညှိထားရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ဆိပ်ကမ်းတစ်ခုခုတွင် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက အခြားရေယာဉ်တစ်စီးစီးအတွက် မိမိရေယာဉ်တွင် ချည်နှောင်ခွင့် တောင်းဆိုလျှင် လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ချည်နှောင်ထားသည့် ကြိုးကို ဖြတ်ရန်အတွက် အကြောင်းကြားချက်မရမီအတွင်း အဆိုပါကြိုးကို ဖြတ်ခြင်းမပြုရ။

(ဂ) နေဝင်ပြီးနောက်ပိုင်းတွင် ဆိပ်ကမ်းအတွင်း အခြားရေယာဉ်များသွားလာမှုကို ဘေးအန္တရာယ် ဖြစ်စေအောင် မိမိ၏ရေယာဉ်တွင် ချည်နှောင်ထားသည့် ကြိုးတစ်စုံတစ်ရာကို ထုတ်ထားခြင်း၊ ပစ္စည်းတစ်စုံတစ်ရာ အစွန်းထုတ်ထားခြင်းမပြုရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း တရားမဝင်သောအလံ သို့မဟုတ် အချက်ပြအမှတ်အသားတို့ကို လွှင့်ထူခြင်းမပြုရ။ သို့မဟုတ် သတ်မှတ်ထားသောအလံနှင့် အချက်ပြတစ်ခုခုကို လွှင့်ထူရန် ပျက်ကွက်ခြင်းမရှိစေရ။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောကို ဘေးချင်းယှဉ်၍ ဆိုက်ကပ်ရပ်နားခြင်းမပြုရ။ ထို့ပြင် ဆိပ်ကမ်းတံတားမှ သင်္ဘောအားဖယ်ရှားရန် အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(စ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက သင်္ဘောကို လိုသည့်နေရာရောက်အောင် ကြိုးဖြင့်ဆွဲရေး အတွက် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဆ) ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ရေယာဉ်ဆိုက်ရောက်ကြောင်း သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် မမှန်မကန်သတင်းပို့ခြင်းမပြုရ။

၆၉။ မည်သည့်ရေယာဉ်မှူး သို့မဟုတ် ပိုင်ရှင်မျှ ဆိပ်ကမ်းဝန်ဆောင်ခများကို တိမ်းရှောင်ရန်အလို့ငှာ -

(က) ရေယာဉ်ကို မောင်းနှင်ထွက်ပြေးခြင်း မပြုရ။

(ခ) ကုန်စည်များကို အလေးချိန် သို့မဟုတ် အရေအတွက်ကို လျော့၍ပြခြင်း၊ ကုန်စည်များကို ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း မပြုရ။

(ဂ) သင်္ဘော၏ မှတ်ပုံတင်တန်ချိန်နှင့် ကုန်စည်တန်ချိန်တို့ကို မမှန်မကန်လျော့ပြခြင်းမပြုရ။

၇၀။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်မရှိဘဲ -

(က) ပုဂ္ဂလိကရေယာဉ်လုပ်ငန်းရှင်က ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေ၊ ရိက္ခာ၊ ကြမ်းခင်းပြား ထောက်ပံ့ပေးသည့်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

(ခ) ပုဂ္ဂလိကတွဲဆွဲရေယာဉ်များ၊ တွန်းသည့်ရေယာဉ်များ၊ သောင်တူးသင်္ဘောများနှင့် ဆယ်ယူရေး ရေယာဉ်များက တွဲဆွဲခြင်း၊ ရေယာဉ်တွန်းခြင်း၊ သောင်တူးခြင်း သို့မဟုတ် သင်္ဘောဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဝင်ထွက်သွားလာသော ရေယာဉ်နှင့်ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်များအတွက် ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၇၁။ မည်သူမျှ -

(က) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆိပ်ကမ်းတစ်ခုခု၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဖြစ်စေ၊ ၎င်း၏အမိန့်အရဖြစ်စေ စိုက်ထူထားသော သို့မဟုတ် စီမံချထားသော ဗော်ယာ၊ ကျောက်စွဲကိရိယာ သို့မဟုတ် အမှတ်အသားတစ်ခုခုကို ဖယ်ရှားခြင်း၊ ဖော်ခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်း၊ ကြိုးလျှော့ခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ရန်နေရာ သို့မဟုတ် ဆိပ်ကမ်းတံတားတစ်ခုခုကို သော်လည်းကောင်း၊ ရေကြောင်းလမ်းညွှန်အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ဆိပ်ကမ်း နယ်နိမိတ်အတွင်း ဆိပ်ကမ်းလုပ်ငန်းများ လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အသုံးအဆောင် ပစ္စည်းကိရိယာတစ်ခုခုကိုသော်လည်းကောင်း ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းအတားအဆီးဖြစ်စေသည့် သစ်ဖောင်၊ ဝါးဖောင်တို့ကို မျှောထားခြင်းမပြုရ။

(င) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများက သင်္ဘောပေါ်နှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဝင်ရောက်စစ်ဆေးခြင်းကို ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဥပဒေနှင့်မညီဘဲ လက်နက်ခဲယမ်းများ ပစ်ဖောက်ခြင်း၊ မီးပန်း လွှတ်ခြင်း မပြုရ။

(ဆ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက မီးဘေးကာကွယ်တားဆီးရေးအတွက်သော်လည်းကောင်း၊ မီးငြိမ်းသတ်ရန်သော်လည်းကောင်း ညွှန်ကြားသည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မမှန်မကန်သတင်းပို့ခြင်း မပြုရ။

(ဇ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကျောက်ချဆိုက်ကပ်ရပ်နားထားသော ရေယာဉ်ကို ခွင့်ပြုချက်မရှိဘဲ ကျောက်ကြိုးကို ဖြေလျှော့ခြင်းမပြုရ။

(ဈ) ရေယာဉ်တစ်စီးစီးက ကျောက်စွဲကိရိယာများ သို့မဟုတ် ဗော်ယာများနှင့် ငြိတွယ်ခြင်း၊ ချိတ်မိ နေခြင်းဖြစ်ပါက ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက် သို့မဟုတ် အကူအညီမပါဘဲ ထိုကျောက်စွဲကိရိယာ၊ ဗော်ယာအား ဖော်ယူခြင်း၊ လွတ်အောင် ဖယ်ရှားခြင်းမပြုရ။

၇၂။ မည်သူမျှ ရေထုညစ်ညမ်းမှုများ သို့မဟုတ် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေရန် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်၊ ဆီတင်သင်္ဘော၊ ရေယာဉ်၊ ဆီတွဲတို့မှ လည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှလည်းကောင်း၊ သင်္ဘောတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှလည်းကောင်း ဆီယိုဖိတ်စေခြင်း သို့မဟုတ် ဆီနှင့်ရောနှောအညစ်အကြေးများ စွန့်ပစ်ခြင်းမပြုရ။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောများ၊ ရေယာဉ်များနှင့် ရေပေါ်ရေအောက်သယံဇာတ ရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်း ပစ်ချခြင်း၊ စွန့်ထုတ်ခြင်း သို့မဟုတ် ကျရောက်စေခြင်းမပြုရ။

(ဂ) သင်္ဘောမှ ရေကြောင်းသွားလာမှုကို ဟန့်တားခြင်း ဖြစ်ပေါ်နိုင်သော အခြားပစ္စည်းများကို အဆိုပါ ဆိပ်ကမ်းတစ်ခုခုအတွင်းသို့ ပစ်ချခြင်း၊ စွန့်ပစ်ခြင်း၊ သို့မဟုတ် ကျရောက်စေခြင်းမပြုရ။

(ဃ) ဒီရေကြောင့်ဖြစ်စေ၊ မုန်တိုင်း သို့မဟုတ် ကုန်းပေါ်၌ ရေလျှံမှုကြောင့်ဖြစ်စေ ဆိပ်ကမ်းအတွင်းသို့ လျှောကျနိုင်သည့် ပစ္စည်းများကို ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့၌ စွန့်ပစ်ခြင်း သို့မဟုတ် ချထားခြင်းမပြုရ။

၇၃။ မည်သူမျှ -

(က) ဆိပ်ကမ်းတစ်ခုခုအတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ညွှန်ကြားချက်နှင့် ဆန့်ကျင်၍ ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တားမြစ်ထားသော အချိန် သို့မဟုတ် နယ်မြေအတွင်း၌ ဖြစ်စေ မည်သည့်ရေယာဉ်ကိုမဆို ကမ်းထိုးတင်ခြင်း၊ မီးမြှိုက်ခြင်း သို့မဟုတ် မှိုင်းတိုက်ခြင်းမပြုရ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ ဆိပ်ကမ်းအတွင်း ရေယာဉ်ပေါ်၌ဖြစ်စေ၊ တားမြစ် နယ်မြေအတွင်း၌ဖြစ်စေ၊ ကတ္တရာ၊ အင်တွဲ၊ ပွဲ့လျက်၊ တာပင်တိုင်၊ ဆီ သို့မဟုတ် မီးစွဲလောင်နိုင်သည့် အခြားအရာဝတ္ထုများကို ကျိုချက်ခြင်း၊ ဂဟေဆော်ခြင်း မပြုလုပ်ရ။

(ဂ) ဆိပ်ကမ်းတစ်ခုခု၌ ရေယာဉ်ပေါ်တွင် အကာအကွယ်မရှိသော မီးကိုထွန်း၍ လောင်စာဆီများ ထုတ်ယူခြင်းမပြုရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက်မရရှိဘဲ ပျောက်ဆုံး သော သို့မဟုတ် ပျောက်ဆုံးသည်ဟု ယူဆသော ကျောက်ဆူး၊ ကျောက်ကြိုးနှင့် အခြားပစ္စည်းများကို ရေငုပ်၍ဖြစ်စေ၊ ကြိုးတိုက်၍ဖြစ်စေ ရှာဖွေခြင်း မပြုရ။

(င) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက်မရဘဲ ဆိပ်ကမ်းတစ်ခုခု၏ ကမ်းပါးနယ်နှင့် ကမ်းနားနယ်မှ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်၊ သဲမြေ သို့မဟုတ် ကမ်းမပြိုအောင် ကာကွယ်ထားသည့်အရာများကို ဖယ်ရှားခြင်း သို့မဟုတ် ရွှေ့ပြောင်းသယ်ဆောင်ခြင်းမပြုရ။

(စ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်တွင် ခွင့်ပြုချက်မရှိဘဲ ဇော်ယာ၊ သင်္ဘောချည်တိုင်၊ ကျောက်ဆူး သို့မဟုတ် အခြားမည်သည့်အရာကိုမှ စိုက်ထူမြှုပ်နှံခြင်းမပြုရ။

(ဆ) သင်္ဘောဟန်ချက်ညီစေရန် သင်္ဘောဝမ်းစာများကို စည်းကမ်းချက်နှင့်မညီဘဲ စွန့်ပစ်ခြင်း သို့မဟုတ် စုပုံခြင်းမပြုရ။

၇၄။ မည်သည့်အုပ်ချုပ်မှုအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အရာထမ်း၊ အမှုထမ်း တစ်ဦးဦးမျှ ဆိပ်ကမ်းဆိုင်ရာစီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ မိမိအကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် ပတ်သက်ခြင်းသော်လည်းကောင်း၊ ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းအတွက် ချုပ်ဆိုသောစာချုပ်တွင် ပါဝင်ချုပ်ဆိုခြင်း သို့မဟုတ် ပတ်သက်ခြင်းသော် လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အကျိုးအမြတ်ဖြင့် ငွေချေးခြင်းသော်လည်းကောင်း မပြုရ။

## အခန်း (၁၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၇၅။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၃နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်း မှ အများဆုံး ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သည့် ရေယာဉ်မှူးမဆို ပုဒ်မ ၆၇၊ ၆၈ သို့မဟုတ် ၆၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၁၊ ၇၂ သို့မဟုတ် ၇၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ မည်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့ဝင် သို့မဟုတ် ဆိပ်ကမ်းအရာထမ်း၊ အမှုထမ်းမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တမင် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သောင်းမှ အများဆုံး ကျပ် ၃ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သူမဆို ဤဥပဒေအရ ပေးအပ်သောတာဝန်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူ သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးဦး၏ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ် ၁ သောင်းမှ အများဆုံး ကျပ် ၅ သောင်းအထိ ချမှတ်ရမည်။

၈၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်း ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၇)
## ဆုကြေးငွေချီးမြှင့်ခြင်း

၈၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ သတ်မှတ်ထားသော လုပ်ငန်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက် နိုင်လျှင်သော်လည်းကောင်း ဆုကြေးချီးမြှင့်ပိုင်ခွင့်ရှိရမည်။

၈၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆုကြေးချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအစားအရ ဝန်ထမ်းများကို ဆုကြေးများ ခွဲဝေသတ်မှတ်ပေးပြီးနောက် ကျန်ရှိနေသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါ အခြေခံမှုများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှုဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသောစံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်မှု၊ ဝန်ဆောင်နိုင်မှု၊

(ခ) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနည်းစနစ်သစ်များ တီထွင်နိုင်မှု၊

(ဂ) ထုတ်လုပ်သည့် ကုန်စည်အရည်အသွေးစံချိန်မီမှုနှင့် တီထွင်ထုတ်လုပ်နိုင်မှု၊

(ဃ) ကုန်ကြမ်းသုံးစွဲမှုစံချိန် လျော့နည်းလာမှု၊

(င) အလေအလွင့်၊ အပျက်အစီး၊ အဆုံးအရှုံး လျော့နည်းလာမှု။

၈၅။ ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် ဆုကြေးငွေကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၁၈)

## အထွေထွေ

၈၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်အောက်ရှိစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ အလုပ်ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများသည် မိမိတို့တာဝန်ယူသည့်လုပ်ငန်း၏ တိုးတက်အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံရမည်။

၈၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ယင်းက ပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်။

၈၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားဝန်ဆောင်ခများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။

၈၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူဆောင်ရွက်ရမည်။

၉၀။ နိုင်ငံတော်သမ္မတသည် အများပြည်သူအကျိုးငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမှ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၉၁။ ရေယာဉ်ပေါ်မှ ကုန်စည်များ ချပေး၍ လွှဲပြောင်းလက်ခံပြေစာ ရရှိပြီးဖြစ်လျှင် ထိုကုန်စည်များကို ရေယာဉ်ပေါ်မှချပြီး နောက်ပိုင်းတွင် ပျောက်ဆုံးမှု၊ ပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပေါ်မှုအတွက် ရေယာဉ်မှူး သို့မဟုတ် ပိုင်ရှင်အပေါ်တွင် တာဝန်မရှိစေရ။

၉၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အုပ်ချုပ်မှုအဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သို့မဟုတ် ဝန်ထမ်း တစ်ဦးဦးက ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်မှုအပေါ် တရားမကြောင်း အရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း အရေးယူခြင်းမပြုရ။ သို့ရာတွင် အဆိုပါ ပုဂ္ဂိုလ်သည် မိမိ၏လုပ်ပိုင်ခွင့်ကို မလျော်သောနည်းဖြင့် အလွဲသုံးစားပြုလုပ်ပါက ထိုသူ့အပေါ်တွင် တာဝန် ရှိစေရမည်။

၉၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်များ၊ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများနှင့် ဝန်ထမ်းများသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၉၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရာနှုန်းပြည့်နိုင်ငံပိုင်ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေး ပြည်ထောင်စုအစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကျိုးအကြောင်း ပြည့်စုံစွာဖြင့် လျှောက်ထားခွင့်ပြုချက် တောင်းရမည်။

၉၅။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားရှိ အပိုဒ် ၁၄၉ သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၉၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဆိပ်ကမ်းများအက်ဥပဒေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့် ပြင်ပဆိပ်ကမ်းများအက်ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်။

၉၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉၈။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Yangon Port Act (Act No. IV of 1905)

(ခ) The Ports Act (Act No. XV of 1908)

(ဂ) The Outports Act (Act No. II of 1914)

## ဇယား

## ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ

## (ပုဒ်မ ၄၅ ကို ရည်ညွှန်းသည်)

၁။ နှစ်စဉ်ဘဏ္ဍာရေးနှစ်သည် ဧပြီလ ၁ ရက်နေ့မှစတင်၍ မတ်လ ၃၁ ရက်နေ့တွင် ပြီးဆုံးသည်။

၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အသိအမှတ်ပြုသော စာရင်းစစ်အဖွဲ့ထံ အပ်နှံ၍ စစ်ဆေးခံရမည်။

၃။ အဆိုပါ စာရင်းစစ်အဖွဲ့၏ လုပ်ငန်းကုန်ကျစရိတ်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရန်ပုံငွေမှ ကျခံပေးရမည်။

၄။ နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တိုင်းတွင် စာရင်းစစ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သက်ဆိုင်ရာဌာနများသို့ ဆက်လက်တင်ပြရမည်။

၅။ အဆိုပါအစီရင်ခံစာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဘဏ္ဍာရေးဆိုင်ရာ ထုတ်ပြန်ချက်များ၊

(ခ) စာရင်းစစ်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဝယ်ယူခဲ့သည့် ပစ္စည်းစာရင်းများ၊ ထည့်ဝင်ကြေးများ၊ ဆက်ခံအသုံးပြုခွင့်နှင့် အခြားဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ၊

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဤဥပဒေအရ တရားဝင်ဆက်ခံရမည့် ပိုင်ဆိုင်မှု၊ ပစ္စည်းများ ထုခွဲရောင်းချပြီး ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် အသုံးစရိတ်စာရင်း၊

(ဃ) အခြားတင်ပြရန်ရှိပါက စာရင်းစစ်အဖွဲ့၏ သီးခြားအစီရင်ခံစာ။

၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လိုအပ်မှုကြောင့်သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ လိုအပ်မှုအရသော်လည်းကောင်း အခါအားလျော်စွာ အထူးတင်ပြချက်များ တင်ပြရမည်။

၇။ စာရင်းစစ်အဖွဲ့မှသော်လည်းကောင်း၊ အခြားအခွင့်အာဏာရသူတစ်ဦးဦးမှသော်လည်းကောင်း သင့်လျော်သောအချိန်တွင် တစ်ဆင့်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာများနှင့် အခြားစာရင်းဇယားများကို တောင်းခံပိုင်ခွင့်ရှိသည်။

၈။ စာရင်းမှတ်တမ်းများနှင့် မည်သည့်စာရင်းဇယားကိုမဆို စာရင်းစစ်အဖွဲ့ သို့မဟုတ် အခြားအခွင့်အာဏာရ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကောက်နုတ်ခြင်း သို့မဟုတ် ကူးယူခြင်း ပြုလုပ်နိုင်သည်။

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ (မူကြမ်း)
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　။ )

၁၃၇၅ ခုနှစ်၊　　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　　လ　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါဝင်သော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ဆိုသည်။

(ဃ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(င) **ဆိပ်ကမ်းများ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ သွားလာနိုင်သော မြစ်များနှင့်ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ် ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ၊ ယင်းနှင့်ဆက်စပ်သော နယ်မြေများနှင့် နယ်နိမိတ်များကို ဆိုသည်။

(စ) **စက်ရုံ၊ အလုပ်ရုံ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလက်အောက် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကိုဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှု လုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **ပိုင်ဆိုင်မှုပစ္စည်း**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရပိုင်ခွင့်များအားလုံး၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းအပါအဝင် ပိုင်ဆိုင်မှုများအားလုံး၊ မြေများ၊ အဆောက်အအုံများ၊ အလုပ်ရုံများ၊ သင်္ဘောကျင်းများ၊ ရေယာဉ်များ၊ ငွေကြေးပိုင်ဆိုင်မှုများ၊ ဘဏ်သွင်းငွေများ၊ အရန်ငွေကြေးရန်ပုံငွေများ၊ ရင်းနှီးမြှုပ်နှံမှုများအားလုံးနှင့် ယင်းတို့၏ ရပိုင်ခွင့်များ၊ ယင်းတို့မှ ဖြစ်ထွန်းလာသော အကျိုးစီးပွားများ၊ ငွေစာရင်းစာအုပ်များ၊ မှတ်ပုံတင်စာချုပ်များ၊ မှတ်တမ်းများနှင့် ယင်းပစ္စည်းများနှင့် ဆက်စပ်နေသော ပစ္စည်းအရပ်ရပ်တို့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း သွားလာနိုင်သည့် မြစ်များ၊ ချောင်းများတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်မှုလုပ်ငန်းကို ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(င) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအား နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်။

## အခန်း (၃)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဖွဲ့စည်းခြင်း

၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ရမည်။

(ခ) ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း ဖြစ်သည်။

(ဃ) ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ မိမိဝန်ထမ်းများ၏ အရည်အချင်းသတ်မှတ်ချက်၊ ဝန်ထမ်းတစ်ဦးချင်း ရာထူးအဆင့်အလိုက် တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(င) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်မှ သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများ အားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ပိုင်ဆိုင်မှုပစ္စည်းတွင်ပါဝင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဆက်ခံရမည်။

(ဆ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့် ရရှိသော မြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည် စသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့် ရှိသည်။

## အခန်း (၄)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းတာဝန်များ

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံးကို ဆောင်ရွက်ရန်ဖြစ်သည့်အပြင် ဤဥပဒေအရ အခြားဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်တာများကိုလည်း လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ယာဉ်၊ ဇောတံတား၊ ကုန်လှောင်ရုံ၊ ကုန်းတက်ဆိပ်နှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ပစ္စည်းများကို ငှားရမ်းခြင်း၊ ထုခွဲရောင်းချခြင်း၊

(ဂ) နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ပို့ဆောင်ရေးဝန်ဆောင်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ဖက်စပ်စနစ် ဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဃ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားသားတို့အား ငှားရမ်းခြင်း၊

(င) ခရီးသည်နှင့် မော်တော်ယာဉ်များတင်ဆောင်သွားလာမှု အဆင်ပြေစေရေးအတွက် ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(စ) သင်္ဘောကျင်းများနှင့် ရေယာဉ်တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဆ) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ် တည်ဆောက် ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကိုလက်ခံဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်မြေများကို အသုံးချ၍ ဝင်ငွေတိုးပွား ရရှိစေသော အခြား လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရပေးအပ်သော လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ စက်ကိရိယာ၊ ကုန်စည် စသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(ခ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့များတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင် ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားများနှင့် အခြား ဆက်စပ်သောပစ္စည်းများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ဃ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်ရှိသည်။

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို စီမံခန့်ခွဲမှုကန်ထရိုက်စနစ်ဖြင့်သော် လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော် လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(စ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် တီထွင်မှုပိုင်ဆိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် မည်သူ့ကိုမဆို တရားစွဲဆိုပိုင်ခွင့်ရှိသည်။

(ဆ) မိမိလုပ်ငန်းအတွက် မဖြစ်မနေ ရယူအသုံးပြုရန်လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး သုံးစွဲပိုင်ခွင့် ရှိသည်။

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံနှင့် ရေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို ငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်းတို့ ပြုနိုင်သည်။

(ည) ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် သံ၊ သတ္တုနှင့် အခြားပစ္စည်းဟောင်းများ၊ ပစ္စည်းသစ်ဖြင့် လဲလှယ် အစားထိုးပြုပြင်ပေးလိုက်ရ၍ ထွက်ပေါ်လာသောပစ္စည်းဟောင်းများ၊ ပိုလျှံနေသော သိုလှောင် ပစ္စည်းများ အပါအဝင် အသုံးနည်းသောပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် အသုံးတည့်သော ပစ္စည်းများနှင့် လဲလှယ်ခြင်းတို့ ပြုလုပ်နိုင်သည်။

(ဋ) ပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ၊ ရေကြောင်းဆိုင်ရာ ကျွမ်းကျင်သော ဝန်ထမ်းများ၊ ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သော ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်း များဖြင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

(ဌ) စီမံခန့်ခွဲရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက်လိုအပ်သော ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းပြုနိုင်သည်။

## အခန်း (၅)
## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၇။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ရယူ၍ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ဦးရေသည် အနည်းဆုံး (၅) ဦးနှင့် အများဆုံး (၁၁) ဦးထက် မပိုသော "မ" ဂဏန်း အရေအတွက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (ဂ) | ရေကြောင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |
| (င) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ခန့်အပ်သည့် ကိုယ်စားလှယ်များ | အဖွဲ့ဝင် |

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ အရ ဖွဲ့စည်းသည့် စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၉။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ သက်တမ်းနှင့်တာဝန်ထမ်းဆောင်မှုအား အောက်ပါအတိုင်း သတ်မှတ်သည် -

(က) စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် အချိန်ပြည့် တာဝန်ထမ်းဆောင်သူများ ဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။

(ဂ) ယင်းသက်တမ်းကုန်ဆုံးသည့်အခါ ဥက္ကဋ္ဌအသစ်နှင့် အဖွဲ့ဝင်အသစ် ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင် ရမည်။

(ဃ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင် ရာထူးလစ်လပ်လျှင် ထိုလစ်လပ်သည့် နေရာတွင် အဖွဲ့ဝင်သစ်ကို ဖြည့်စွက်ခန့်ထားရမည်။ ထိုအဖွဲ့ဝင်၏ သက်တမ်းသည် ကျန်ရှိသည့် သက်တမ်းအထိသာ ဖြစ်သည်။

(င) အဖွဲ့က စီမံဆောင်ရွက်သည့် မှုခင်းကိစ္စများသည် အဖွဲ့ဝင်ရာထူး လစ်လပ်သည့် အကြောင်းကြောင့် သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့်အကြောင်းကြောင့် သော်လည်းကောင်း မပျက်ပြယ်စေရ။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ချက်များနှင့်အညီ လစာ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့သည် မိမိ၏လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေးဆွဲ ထားရှိပြီး၊ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ရေး**
**စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ**
**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

**မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ**
**ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက် EITI စံနှုန်းများနှင့်အညီ ဆောင်ရွက်ရန် အစိုးရ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Myanmar Extractive Industry Transparency Initiative - Multi-stakeholder Group - MEITI-MSG) အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာမောင်မောင်သိမ်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဦးမြင့်ဇော် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

၂။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည် -

အစိုးရကိုယ်စားလှယ်များ

(က) ဦးထွန်းလှအောင်
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောရေးရာဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဂ) ဦးမျိုးမြင့်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဦးဝင်းထိန်
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန

(င) ဦးမင်းထွဋ်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဒေါ်ခင်အေးဆွေ
ညွှန်ကြားရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်များ

(က) Ms. Namita Shah
General Manager
Total E&P Myanmar

(ခ) Mr. Chen KahSeong
Country Chairman (Myanmar)
PC Myanmar (Hong Kong) Limited

(ဂ) Mr. Terence J. Howe
Country Manager
MPRL E&P Pte Ltd.

(ဃ) Mr. Huang Zuxi
Country Manager
Goldpetro Joint Operation Company Inc.

(င) Mr. Li Hongyuan
Standing Deputy General Manager
CNMC Nickel Co., Ltd.

(စ) ဦးအေးလွင်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်း
(Myanmar Federation of Mining Association)

အရပ်ဘက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ

(က) စောသူးကအီး (ခ) အဲလက်(စ်)
ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက်

(ခ) ဦးကိုကိုလွင်
SPECTRUM

(ဂ) ဦးဝင်းမျိုးသူ
စိမ်းလမ်းအမိမြေ/EcoDev

(ဃ) ဒေါက်တာကျော်သူ
ပေါင်းကူး

(င) ဦးတင်သစ်
စိမ်းရောင်စို/မြန်မာတရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ-မန္တလေး

(စ) ဦးထွန်းမြင့်အောင်
၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)

(ဆ) ဦးခိုင်ကောင်းစံ
ဝံလက်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (ရခိုင်ပြည်)

(၈) ဦးဝင်းအောင်
ရွှေ သဘာဝခာတ်ငွေ့လုပ်ရှားမှုအဖွဲ့

(၈၂) ဦးသန့်ဇင်
ထားဝယ်ဖွံ့ဖြိုးရေးအဖွဲ့ - DDA

၃။ သဘာဝသယံဇာတထုတ်လုပ်မှုလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးလုပ်ငန်းများ မြှင့်တင်ရန်၊ သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးမှုနှင့် စီးပွား တိုးတက်မှုအတွက် လက်တွေ့အကျိုးရှိပြီး နောင်လာနောက်သား ပြည်သူများအတွက် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုဖြစ်စေရန်အလို့ငှာ ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူတကွ တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်သွားပါမည်။ EITI ၂၀၁၃ စံနှုန်း၏ လိုအပ်ချက် (၁.၃) တွင် ဖော်ပြထားသည့်အတိုင်း သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ (MEITI-MSG) တွင် ပါဝင်သော ကုမ္ပဏီကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အခြေခံအခွင့်အရေးများကို လေးစားကာ EITI အကောင်အထည်ဖော်ရာ၌ ကုမ္ပဏီ များနှင့် အရပ်ဘက်အဖွဲ့အစည်းများ လွတ်လပ်စွာပါဝင်နိုင်ရန် ဝန်းကျင်ဖန်တီးမှုနှင့် EITI ဆိုင်ရာလုပ်ငန်းစဉ် များနှင့်စပ်လျဉ်း၍ အများပြည်သူအကြားတွင် လွတ်လပ်စွာဆွေးနွေးမှုများ ဖြစ်ပေါ်အောင် အားပေး ဆောင်ရွက်သွားပါမည်။

၄။ MEITI-MSG ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရန်၊ MEITI-MSG အား နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီရန်၊ MEITI-MSG ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များ ကူညီပံ့ပိုးရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၂) အရ မြန်မာနိုင်ငံ (EITI) ညှိနှိုင်းရေးတာဝန်ခံအဖြစ် ဆောင်ရွက်နေသော မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၏ စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) သည် MEITI-MSG ညှိနှိုင်းဖော်ဆောင်ရေး အတွင်းရေးမှူးရုံးအဖြစ် မြန်မာနိုင်ငံ၏ ပထမအကြိမ် EITI အစီရင်ခံစာ ထုတ်နိုင်ရန်အတွက် သင့်လျော်သည့်အချိန်အထိ ဆက်လက်ဆောင်ရွက်သွားရန်နှင့် အနာဂတ်တွင် MEITI-MSG ညှိနှိုင်းဖော်ဆောင်ရေး အတွင်းရေးမှူးရုံးအား ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိရန်အတွက် (MDRI-CESD) အနေဖြင့် အသွင်ကူးပြောင်းရေးအစီအစဉ်များ ပြင်ဆင်ထားရန် ဖြစ်သည်။

၅။ MEITI-MSG သည် မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ရေးအတွက် EITI နိုင်ငံတကာဒါရိုက်တာအဖွဲ့၏ အနီးဆုံးအစည်းအဝေးတွင် လျှောက်လွှာတင်သွင်းနိုင်ရန်နှင့် မြန်မာ နိုင်ငံ၏ EITI အစီရင်ခံစာများကို EITI နိုင်ငံတကာဒါရိုက်တာအဖွဲ့မှ ချမှတ်ထားသော အချိန်ဇယားအတွင်း အချိန်မီထုတ်ပြန်နိုင်ရန်အတွက် လိုအပ်သည့် EITI ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက် သွားရန်ဖြစ်သည်။

၆။ MEITI-MSG သည် နိုင်ငံတကာ EITI အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ ပါဝင်နိုင်ရေးအတွက် လိုအပ် သည့် နည်းပညာဆိုင်ရာဆပ်ကော်မတီများနှင့် အခြားလိုအပ်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ရှိသည်။

စိုးသိန်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
တွင်းထွက်သယံဇာတအရင်းအမြစ်များတူးဖော်ရေး
စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၄/၂၀၁၄) ကို ရည်ညွှန်း၍ ဦးဇော်ဟိန်းသည် ညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်း (၁) ဦးအား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၈၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၄)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၅/၂၀၁၄) ကို ရည်ညွှန်း၍ ဦးအောင်ကိုဝင်းသည် ဒုတိယညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်း (၁) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၆၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၄)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၄) ကို ရည်ညွှန်း၍ အောက်ပါ အရာထမ်း (၅) ဦးတို့သည် ဦးစီးအရာရှိ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးကျော်မင်းထွန်း

( ခ ) ဦးညွှန့်လင်း

( ဂ ) ဦးမျိုးမင်းသူ

(ဃ) ဦးစိုင်းဆမ်

( င ) ဦးလှမျိုး

၂။ အဆိုပါ အရာထမ်း (၅) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀ဝ-၂,၀၀ဝ-၁၃၀,၀၀ဝ) ရာထူးတွင် ကနဦးလစာ ၁၂၀,၀၀ဝ/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၄)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၄) ကို ရည်ညွှန်း၍ ဦးလွင်ကိုဦးသည် ဒုတိယညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်း (၁) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀ဝ-၂,၀၀ဝ-၁၇၀,၀၀ဝ) ရာထူးတွင် ကနဦးလစာ ၁၆၀,၀၀ဝ/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၄)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၄) ကို ရည်ညွှန်း၍ အောက်ပါ အရာထမ်း (၅) ဦးတို့သည် လက်ထောက်ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးကျော်မင်းထွန်း

( ခ ) ဦးညွှန့်လင်း

( ဂ ) ဦးမျိုးမင်းသူ

(ဃ) ဦးစိုင်းဆမ်

( င ) ဦးလှမျိုး

၂။ အဆိုပါ အရာထမ်း (၅) ဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀ဝ-၂,၀၀ဝ-၁၅၀,၀၀ဝ) ရာထူးတွင် ကနဦးလစာ ၁၄၀,၀၀ဝ/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

## (လေတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

အမှတ်စဉ် ၁၃/၂၀၁၃။ ။ အောက်ပါ ဗိုလ်လောင်းများအား တပ်မတော် (လေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) များအဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

### တပ်မတော် (လေ)

### စက်မှုလက်မှုဌာနခွဲ (စက်မှု)

| | | | | |
|---|---|---|---|---|
| (၁) | လေ | ၃၉၉၁ | ဒုတိယဗိုလ် | ရဲဟိန်းအောင် |
| (၂) | လေ | ၃၉၉၃ | ဒုတိယဗိုလ် | သက်တင်အောင် |
| (၃) | လေ | ၃၉၉၄ | ဒုတိယဗိုလ် | ချမ်းသာ |
| (၄) | လေ | ၃၉၉၆ | ဒုတိယဗိုလ် | အောင်ဇင်ဖြိုး |
| (၅) | လေ | ၃၉၉၈ | ဒုတိယဗိုလ် | ထက်ပြည့်အောင် |
| (၆) | လေ | ၃၉၉၉ | ဒုတိယဗိုလ် | မင်းဇော် |
| (၇) | လေ | ၄၀၀၂ | ဒုတိယဗိုလ် | ငြိမ်းချမ်းကျော် |
| (၈) | လေ | ၄၀၀၃ | ဒုတိယဗိုလ် | အောင်ဟိန်းမော် |
| (၉) | လေ | ၄၀၀၄ | ဒုတိယဗိုလ် | ဇေလင်းဟိန်း |
| (၁၀) | လေ | ၄၀၀၅ | ဒုတိယဗိုလ် | ဝင်းမင်းဦး |
| (၁၁) | လေ | ၄၀၀၆ | ဒုတိယဗိုလ် | အောင်ဖြိုးကျော် |

### စက်မှုလက်မှုဌာနခွဲ (အီလက်ထရောနစ်)

| | | | | |
|---|---|---|---|---|
| (၁) | လေ | ၃၉၉၅ | ဒုတိယဗိုလ် | အောင်သုရှိန် |
| (၂) | လေ | ၄၀၀၇ | ဒုတိယဗိုလ် | ရဲရန်နိုင် |
| (၃) | လေ | ၄၀၀၈ | ဒုတိယဗိုလ် | သန်းထိုက်ဇော် |
| (၄) | လေ | ၄၀၁၀ | ဒုတိယဗိုလ် | သန့်ဇင်အောင် |
| (၅) | လေ | ၄၀၁၃ | ဒုတိယဗိုလ် | နိုင်ထွန်းအောင် |

### စက်မှုလက်မှုဌာနခွဲ (လျှပ်စစ်/ချိန်ခွက်)

| | | | | |
|---|---|---|---|---|
| (၁) | လေ | ၃၉၉၇ | ဒုတိယဗိုလ် | နိုင်ကျော် |
| (၂) | လေ | ၄၀၀၀ | ဒုတိယဗိုလ် | ဇင်မင်းထက် |
| (၃) | လေ | ၄၀၀၁ | ဒုတိယဗိုလ် | စန်းဝင်းဌေး |
| (၄) | လေ | ၄၀၁၄ | ဒုတိယဗိုလ် | နေလင်းသိန်း |
| (၅) | လေ | ၄၀၁၅ | ဒုတိယဗိုလ် | လှလင်းအောင် |
| (၆) | လေ | ၄၀၁၇ | ဒုတိယဗိုလ် | စိုးပိုင်ကျော် |
| (၇) | လေ | ၄၀၂၁ | ဒုတိယဗိုလ် | နေလင်းအောင် |

### စက်မှုလက်မှုဌာနခွဲ (လက်နက်)

| | | | | |
|---|---|---|---|---|
| (၁) | လေ | ၃၉၉၂ | ဒုတိယဗိုလ် | သက်နိုင်မြင့် |
| (၂) | လေ | ၄၀၀၉ | ဒုတိယဗိုလ် | စိုင်းအောင်ကိုထွန်း |
| (၃) | လေ | ၄၀၁၁ | ဒုတိယဗိုလ် | အောင်သု |
| (၄) | လေ | ၄၀၁၂ | ဒုတိယဗိုလ် | ဟန်အောင်ကို |

**စက်မှုလက်မှုဌာနခွဲ (လက်နက်)**

| | | | | |
|---|---|---|---|---|
| (၅) | လေ | ၄၀၁၆ | ဒုတိယဗိုလ် | ကောင်းမြတ်နိုင် |
| (၆) | လေ | ၄၀၁၈ | ဒုတိယဗိုလ် | အောင်ဇာနည်ထွန်း |
| (၇) | လေ | ၄၀၁၉ | ဒုတိယဗိုလ် | နေလင်းအောင် |
| (၈) | လေ | ၄၀၂၀ | ဒုတိယဗိုလ် | ပြည့်စုံဦး |
| (၉) | လေ | ၄၀၂၂ | ဒုတိယဗိုလ် | စောလင်းထက် |
| (၁၀) | လေ | ၄၀၂၃ | ဒုတိယဗိုလ် | ဟိန်းထွဋ်မှုစံ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

အမှတ် ၁၅၁/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | အုန်းရွှေ | ကြည်း | ၆၅၉၉၆ | (၁-၁၂-၂၀၁၃) |
| (၂) | နောင်လတ် | ကြည်း | ၆၅၉၉၇ | (၁-၁၂-၂၀၁၃) |
| (၃) | အောင်မောင်း | ကြည်း | ၆၅၉၉၈ | (၁-၁၂-၂၀၁၃) |
| (၄) | ထွန်းဝင်း | ကြည်း | ၆၅၉၉၉ | (၂-၁၂-၂၀၁၃) |
| (၅) | အောင်မြင့် | ကြည်း | ၆၆၀၀၀ | (၃-၁၂-၂၀၁၃) |
| (၆) | တင်နွယ်ဦး | ကြည်း | ၆၆၀၀၁ | (၄-၁၂-၂၀၁၃) |
| (၇) | စောခင်မောင်အေး | ကြည်း | ၆၇၁၅၄ | (၁၀-၁၂-၂၀၁၃) |
| (၈) | ခွီဖဲ့ | ကြည်း | ၆၇၁၅၅ | (၁၂-၁၂-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် )

အမှတ် ၁၅၆/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ထွန်းမွေး | ကြည်း | ၆၇၁၅၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ဒတ်ရှင်းလေဒီ ဖက်ရှင်ဒီဇိုင်းဆားဗစ်(စ်)ကုမ္ပဏီလီမိတက်**

၂၀၁၄ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **ဒတ်ရှင်းလေဒီ ဖက်ရှင်ဒီဇိုင်းဆားဗစ်(စ်)ကုမ္ပဏီလီမိတက် (DASHING LADY FASHION DESIGN SERVICES COMPANY LIMITED.)** ကို (၂၅-၃-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) **ဦးရဲထွဋ်ဆွေ (B.Sc)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Hnin Hnin Khaing
Managing Director
Dashing Lady Fashion Design Services Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**စစ်မှန်မြင့်မြတ်ချမ်းသာ ကုမ္ပဏီလီမိတက်**

**Real Regal Rich Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - (၂၈-၄-၂၀၁၄)
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ်-(၂၂၄)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)
အမှတ် (၈၃) (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဟဲပီးလင်း(န်ဒ်) ကုမ္ပဏီလီမိတက်**

**HAPPY LAND COMPANY LIMITED**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဟဲပီးလင်း(န်ဒ်) ကုမ္ပဏီလီမိတက် (HAPPY LAND COMPANY LIMITED)** အား (၁၄-၃-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဟန်စိန်
မန်နေးဂျင်းဒါရိုက်တာ
ဟဲပီးလင်း(န်ဒ်) ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**သုနေ ရောင်းဝယ်ကုမ္ပဏီလီမိတက်**

**Thu Nay Trading Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၂၈-၄-၂၀၁၄) |
| ကျင်းပမည့်အချိန် | - | နံနက် (၉:၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် (၆၂/ဒီ)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)
အမှတ် (၈၃) (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မြန်မာတော်ဝင်ထိပ် အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**MYANMAR ROYAL TOP INT'L TRADING CO., LTD**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **မြန်မာတော်ဝင်ထိပ် အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MYANMAR ROYAL TOP INT'L TRADING CO., LTD)** အား (၁၄-၃-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြဝင်း
မန်နေးဂျင်းဒါရိုက်တာ
မြန်မာတော်ဝင်ထိပ်
အပြည်ပြည်ဆိုင်ရာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရွှေစိုင်း ထုတ်ကုန်နှင့်သွင်းကုန်ကုမ္ပဏီလီမိတက်
## SHWE SAI EXPORT & IMPORT CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ရွှေစိုင်း ထုတ်ကုန်နှင့်သွင်းကုန်ကုမ္ပဏီလီမိတက် (SHWE SAI EXPORT & IMPORT CO., LTD)** အား (၁၄-၃-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်းသီဟ
မန်နေးဂျင်းဒါရိုက်တာ
ရွှေစိုင်း ထုတ်ကုန်နှင့်သွင်းကုန်ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဂျွန် အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်
## JOHN ENGINEERING COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ဂျွန် အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက် (JOHN ENGINEERING COMPANY LIMITED)** အား (၁၄-၃-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်နိုင်ဦး
မန်နေးဂျင်းဒါရိုက်တာ
ဂျွန် အင်ဂျင်နီယာရင်းကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂၈-၃-၂၀၁၄။